# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 10 June 2022 ၁၀၇၆၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏အားသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပြီး ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိ



**နေပြည်တော် ဇွန် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ တင်ပြ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့်အခြေအနေနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပန်းခင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ တိုင်းဒေသကြီး သာယာလှပရေးစီမံဆောင်ရွက်နေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကြေးမုံ

# နိုင်ငံတကာဥပဒေလေးစား အကြမ်းဖက်သမားဖယ်ရှား

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အကြမ်းဖက် NUG အဖွဲ့ဝင်နှစ်ဦးအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ "သေဒဏ်" အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်သမားနှစ်ဦးတွင် တရားခံ ဖြိုးဇေယျာသော်၏ စေခိုင်းမှုဖြင့် အကြမ်းဖက်အဖွဲ့များက ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦး၊ အပြစ်မဲ့ ပြည်သူ ၁၂ ဦး စုစုပေါင်း ၂၁ ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထို့ကြောင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG/CRPH/NUCC တို့နှင့် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများအား ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထို့အပြင် ၎င်းသည် အကြမ်းဖက်အဖွဲ့များ အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများအား နေအိမ်တွင် သို၀ှက်သိမ်းဆည်းခြင်း၊ ရန်ကုန်မြို့အတွင်းရှိ အကြမ်းဖက်အဖွဲ့ ၂၀ ကို ဦးဆောင်၍ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခြင်း၊ လုံခြုံရေးဂိတ်များ၊ ရဲစခန်းများ၊ ဌာနဆိုင်ရာ ရုံးများနှင့် နယ်မြေခံတပ်များအား တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူ များအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာ တွင် စီစဉ်ညွှန်ကြားသည့်ပြစ်မှုများ အထင်အရှားကျူးလွန်ခဲ့သဖြင့် "သေဒဏ်" အမိန့်ချမှတ်ခဲ့သည်။

တရားခံ ကျော်မင်းယု (ခ)ဂျင်မီသည်လည်း အလားတူအကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် အဓိကစီစဉ်ဆောင်ရွက်ခဲ့ခြင်း၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် အကြံပေးအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ NUG/ CRPH/ PDF အကြမ်းဖက်အဖွဲ့များနှင့် လက်အောက်ခံအဖွဲ့များသို့ လက်နက်ခဲယမ်းများ ဝယ်ယူရန် ငွေကြေးထောက်ပံ့ခြင်း၊ လက်နက်ထုတ်လုပ်ရန်ပစ္စည်းများကို NUG အကြမ်းဖက်အဖွဲ့သို့ ဆက်သွယ်တောင်းခံခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့များသို့ ငွေကြေးထောက်ပံ့ရန် ငွေကြေးလဲလှယ်မှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး အလားတူဥပဒေပုဒ်မများအရ "သေဒဏ်" အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် အပြစ်မဲ့ပြည်သူများအား အကြောက်တရားကြီးမားလာစေရန်နှင့် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် အကြမ်းဖက်မှုများ ကျူးလွန်ရာတွင် အဓိကကြိုးကိုင်စီစဉ်သူများအဖြစ် ပြစ်မှုအထင်အရှား တွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ ထိုက်တန်သောအပြစ်ကို ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် မကြာသေးမီရက်ပိုင်းက ပြင်သစ်၊ ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြောရေးဆိုခွင့်ရှိသူရုံးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ တာဝန်မဲ့ထုတ်ပြန်ပြောကြားချက်များသည် အကြမ်းဖက်မှုများကို အားပေးအားမြှောက်ပြုရာရောက်ပြီး အပြစ်မဲ့ပြည်သူ အများအပြား သေကျေဒဏ်ရာရစေပြီး အစိုးရနှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့် ပစ္စည်းများကို ဖျက်ဆီးခဲ့သည့် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များဖြစ်သော NUG နှင့် PDF တို့၏ တစိုက်မတ်မတ် ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်မှုများကို လျစ်လျူရှုမျက်ကွယ်ပြုထားသည်ကို တွေ့ရသည်။ ထို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တည်ဆဲအစိုးရအား မလျော်ကန်သောအသုံးအနှုန်းဖြင့် ဖော်ပြခဲ့ရာ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပျက်ပြားစေပါသည်။

နိုင်ငံအချို့နှင့်အဖွဲ့အစည်းအချို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် ၂ တွင် ရှင်းလင်းစွာဖော်ပြထားသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုစည်းမျဉ်းကို လိုက်နာရန်ပျက်ကွက်လျက်ရှိပြီး လယ်ပြင်မှာဆင်သွားသကဲ့သို့ အထင်အရှားပေါ်လွင်နေသည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်ရက်စက်သည့်လုပ်ရပ်များကို မျက်ကွယ်ပြုလျက်ရှိသည့်အပြင် အားပေးအားမြှောက်ပြုလုပ်နေကြသည်ကို စိတ်မကောင်းဖွယ်တွေ့ရှိနေရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် ပြုလုပ်နေသည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇွန် ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မဟာမြိုင်တောရကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ရှိ ဝါးရုံတောကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဓမ္မပါလတိုင်းရင်းသား ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း (နန်းဦးကျောင်းတိုက်)သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ အေးစေတီ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ညောင်ပင်သာကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက ဆွမ်းဆန်တော်များ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပ

**သန်လျင် ဇွန် ၉**




သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ပထမနှစ်ကျောင်းသား ကျောင်းသူ ၂၅၀ အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် Tutorial စာအုပ်တစ်စုံလျှင် ငွေကျပ် ၄၇၆၀၀ ဖြင့် တန်ဖိုးငွေကျပ် ၁၁၉ သိန်းနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ အတွက် တူညီဝတ်စုံ ၂၅၀ ကို ပြည်ထောင်စုဝန်ကြီးကိုယ်စား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)နှင့် သင်ကြား/စီမံဌာနများမှ ပါမောက္ခ/ဌာနမှူးများက ပေးအပ်ခဲ့ရာ ပထမနှစ်သင်တန်းမှ ကျောင်းသားကိုယ်စားလှယ်များက လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား)၊ သင်ကြား/စီမံဌာနများမှ ပါမောက္ခ/ဌာနမှူးများ၊ ခေတ္တဌာနမှူးများ၊ ဘာသာရပ်တာဝန်ခံများ၊ ဆရာ ဆရာမများနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| MTSH | ၂,၇၀၀ | ၂,၆၅၀ | ၃,၀၂၇ | ၈,၁၀၉,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၄ | ၇၂,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၀၀ | ၈၈ | ၂၂၄,၄၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၄ | ၂၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၉**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၈၂.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၇.၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၆၄၇ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၀၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၈၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၉.၅ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၅.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၈.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကြွယ်ဝသည့် မျိုးဆက်သစ် ပညာတတ်လူသားအရင်းအမြစ်များ များစွာ မွေးထုတ်ပေးနိုင်ရန် လိုအပ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။

* ရှေ့ဖုံးမှ

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းယန္တရားများအားလုံး အမြဲမပြတ် လည်ပတ်နေရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသော အခြေအနေများအရ နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့ရပြီး ထိုသို့တာဝန်ယူဆောင်ရွက်နေစဉ်အတွင်း နိုင်ငံရေးအရဖြေရှင်း၍ရသည်များကိုလည်း ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ဆောင်ရွက်နေကြသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း ရပ်တန့်နေ၍ မရကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များအားလုံးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများ၊ ကျန်းမာရေး လုပ်ငန်းများနှင့် အခြားလိုအပ်ချက်ရှိသည့် ကဏ္ဍပေါင်းစုံတို့ကို အမြဲမပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကြွယ်ဝသည့် မျိုးဆက်သစ် ပညာတတ်လူသားအရင်းအမြစ်များ များစွာမွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာကို တတ်မြောက်အောင် သင်ကြားနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ထုတ်ပြန်သည့် လူဦးရေသန်းခေါင် စာရင်းအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခင်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သဖြင့် ပညာသင်ကြားမှုများ ခေတ္တရပ်တန့်ခဲ့ရကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရမှ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးပြီး ပညာသင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးထားသည့်အခါတွင်လည်း အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရမှ ထောက်ပံ့ပေးသည့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် ပညာရေးအဆောက်အအုံများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖြစ်ဖွယ် ကြားသိနေရကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ထိုသို့ဆောင်ရွက်နေခြင်းမှာ နိုင်ငံကိုဖျက်ဆီးနေခြင်းပင်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက် များစွာနစ်နာမှုများဖြစ်ပေါ်စေကြောင်း၊ ရန်ကုန်မြို့တွင် ပညာသင်ကြားရေးနှင့်ပတ်သက်၍ အဓိကကျသည့် တက္ကသိုလ်ကြီးများရှိသည့်အပြင် အဘက်ဘက်မှ အားသာချက်များရှိကြောင်း၊ ယခင်က အစိုးရရုံးစိုက်ရာ မြို့တော်တစ်ခုဖြစ်ခဲ့ပြီး အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အသုံးချဆောင်ရွက်ကြရန်လိုကြောင်း။

## အဓိက မောင်းနှင်အားဖြစ်သည့် စီးပွားရေးမောင်းနှင်အားကို ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေ ဆောင်ရွက်ရမည်

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အားသုံးမျိုးရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေးအားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အား ကောင်းမွန်ပါက ကာကွယ်ရေးအင်အားကောင်းမွန်မည်ဖြစ်ကြောင်း၊ ယင်းအင်အားနှစ်ခု ကောင်းမွန်ရန်အတွက် အခြေခံမှာ စီးပွားရေးအင်အားဖြစ်၍ စီးပွားရေးမောင်းနှင်အားသည် တိုင်းပြည်အတွက် အဓိကကျကြောင်း၊ ထို့ကြောင့် မြို့နယ်စီးပွားရေးမှ ခရိုင်စီးပွားရေး၊ ယင်းမှ ဒေသအဆင့်၊ ယင်းမှ နိုင်ငံတော်အဆင့်အထိ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်ကြောင်း၊ ယခင်အစိုးရအဆက်ဆက်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ရေခံ၊ မြေခံကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့သော် စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းများ နည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ တစ်ဧက အထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံအတွင်းစားရေရိက္ခာပေါများလာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားများထုတ်ယူနိုင်သည့် မြစ်ချောင်းများ များစွာရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ မရှိသေးကြောင်း၊ ထို့ကြောင့် မြန်ဆန်စွာပြီးမြောက်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန်လိုသကဲ့သို့ လျှပ်စစ်ဓာတ်အားများကိုလည်း ချွေတာသုံးစွဲကြရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကိုလည်း ခြိုးခြံချွေတာကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကိုလည်း စည်းကမ်းစနစ်တကျဖြင့် သုံးစွဲရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ချွေတာနိုင်သည့် လျှပ်စစ်မီးများကို ပြောင်းလဲအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ သို့သော်ဆီထုတ်လုပ်ရာတွင် အထွက်နှုန်းများနည်းပါးသဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်မှန်ကန်ရန် စသည့် အချက်များနှင့် ပြည့်စုံပါက တစ်ဧက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ရန် လိုကြောင်း။

ရန်ကုန်မြို့နေပြည်သူများ စားရေးအဆင်ပြေမှုရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ရောင်းချပေးလျက်ရှိကြောင်း၊ ဒေသတွင်း စားရေးဖူလုံအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ရောင်းဝယ်မှုများကောင်းမွန်လာပြီး စီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုအနေဖြင့်လည်း ပြင်မှဝယ်ယူသုံးစွဲခြင်းထက် နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများဆောင်ရွက်၍ ဖြည့်ဆည်းဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်ပြီး ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခင်အစိုးရနှစ်ခုလက်ထက်က ကုန်သွယ်မှုလိုငွေများစွာရှိခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပငွေကြေးသုံးစွဲမှုများရှိကြောင်း။ **စာမျက်နှာ ၄ သို့ ***

- ☆ **နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အားသုံးမျိုးရှိ**
- ☆ **နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေး အားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အား ကောင်းမွန်ပါက ကာကွယ်ရေးအင်အား ကောင်းမွန်မည်**
- ☆ **ယင်းအင်အားနှစ်ခု ကောင်းမွန်ရန်အတွက် အခြေခံမှာ စီးပွားရေးအင်အားဖြစ်၍ စီးပွားရေးမောင်းနှင်အားသည် တိုင်းပြည်အတွက် အဓိကကျ**
- ☆ **နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်**
- ☆ **နိုင်ငံအတွင်း စားရေရိက္ခာပေါများလာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးရမည်**

* စာမျက်နှာ ၃ မှ

### ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်နှင့် ငြိမ်းချမ်းရေး

နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့၍ စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ပြီး ယခုအခါ ပြည်သူများလိုလားသည့် နိုင်ငံရေးရည်မှန်းချက် နစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်ရမည်ဖြစ်ပြီး တစ်ဆက်တည်းတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းနှင့် ပြည်နယ်များ၊ လူမျိုးစုများ စုစည်းလုပ်ကိုင်ခွင့်များကို ပေါင်းစည်းနေထိုင်သည့် အယူအဆ၊ မျှဝေခံစားသည့် အယူအဆဟု မှတ်သားဖူးကြောင်း၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေသည့် နိုင်ငံများသည်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အုပ်ချုပ်မှုပုံစံများ မတူညီကြဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် အုပ်ချုပ်ရေးစနစ်ကိုသာ ကျင့်သုံးနေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သဘောထားကွဲပြားမှုကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့် အခွင့်အရေးများ ပေးရမည်ဖြစ်ကြောင်း၊

**☆ နိုင်ငံရေးအရသဘောထားကွဲလွဲမှု၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့၍ စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့**

**☆ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် မိမိတို့အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိ**

**☆ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ပြီး ယခုအခါ ပြည်သူများလိုလားသည့် နိုင်ငံရေးရည်မှန်းချက်နစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိ**

**☆ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်ရမည်ဖြစ်ပြီး တစ်ဆက်တည်းတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနိုင်ရမည်**

ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကို အကြောင်းပြု၍ အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်နေသူများကို ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေး၌ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သတ်ဖြတ်မှုများကို နိုင်ငံတကာတွင်လည်း လက်မခံကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းများအရ ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြကြောင်း၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်ကြောင်း။

**☆ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကို အကြောင်းပြု၍ အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်နေသူများကို ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေး၌ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ် ဆောင်ရွက်လျက်ရှိ**

**☆ အကြမ်းဖက်သတ်ဖြတ်မှုများကို နိုင်ငံတကာတွင်လည်း လက်မခံကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီ နည်းလမ်းများအရ ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်**

**☆ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ**

**☆ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နစ်ရပ်အတိုင်း ခိုင်မြဲစွာဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန် ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်**

**နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် မိမိတာဝန်ယူရသည့် လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရမည်**

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး ပြည်သူများ၏ ယုံကြည်မှုရှိစေရေး နေထိုင်ပြုမူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့် လုပ်ငန်းတာဝန်ကိုထမ်းဆောင်သည်ဖြစ်စေ အလေးထားဆောင်ရွက်ရန်နှင့် မိမိ၏လုပ်ငန်းတာဝန်ကို လေးစားစွာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်မည်ဆိုပါက လုပ်ငန်းအောင်မြင်မှုများ ရရှိလာမည်ဖြစ်ပြီး ပညာရပ်ပိုင်းဆိုင်ရာများကိုလည်း အလေးထားသင်ယူလေ့လာ၍ ပညာရပ်ပိုင်းနှင့် လုပ်ငန်းပိုင်းတို့တွင် အောင်မြင်မှုများရရှိအောင်၊ မိမိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦး လေးစားစွာဖြင့် ဆောင်ရွက်ကြရန်လိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် လုပ်ငန်းများ အားလုံးကို အောင်မြင်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းအစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တံတားတည်ဆောက်ရေးစီမံကိန်း၏ သမိုင်းကြောင်းနှင့် စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်မှုအားတို့ကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ဆောင်ရွက်ကြစေလိုကြောင်း၊ တံတားချဉ်းကပ်လမ်းပိုင်းနေရာများသည် လူနေတိုက်များနှင့် နီးကပ်မှုရှိနေသဖြင့် သဘာဝဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို အလေးထားစဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ရေယာဉ်များ လွတ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက်လည်း ရေလမ်းကင်းလွတ်အမြင့်ကို တွက်ချက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ဦးစားပေးအလိုက် ဆောင်ရွက်သင့်သည်များ ပြီးစီးရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးစီမံကိန်းရှိ ရန်ကုန်ဘက်ခြမ်း Main Bridge Pylon 2 နေရာတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်း တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable – Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

❍ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
❍ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
❍ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❍ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❍ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
❍ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❍ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❍ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❍ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❍ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် H.E. Dr. KUNG Phoak က မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ အပြုသဘောဆောင်ဆွေးနွေးညှိနှိုင်းသင့်ပြီး ဖယ်ကြဉ်ထားခြင်းကို မပြုလုပ်သင့်ဟု ကမ္ဘောဒီးယားနိုင်ငံမှ ယူဆပါကြောင်း၊ အာဆီယံ၏တူညီဆန္ဒ(၅)ချက်၏စတုတ္ထအချက်အား အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းများအပါအဝင် ဖြစ်ပေါ်တိုးတက်မှုများကို ကျေနပ်အားရပါကြောင်း၊ ကျန်ရှိသည့် အချက်များနှင့်ပတ်သက်၍ အပြန်အလှန်သဘောတူညီပြီး အဆင်ပြေမည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်သွားရန် ဆွေးနွေးပြောကြားသည်။

## ကြိုးပမ်းလျက်ရှိ

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည့်ဝသောဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးသည် အခြေခံအုတ်မြစ်များဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ မြန်မာပြည်သူများ၏အကျိုးကိုရည်မျှော်၍ အာဆီယံ၏ တူညီဆန္ဒ(၅) ချက်အကောင်အထည်ဖော်ဆောင်ရေး၌ သိသာထင်ရှားသော ဖြစ်ပေါ်တိုးတက်မှုများ ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်သည့်ကိစ္စရပ်များသည် နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်အဖြစ် ပုံဖော်မှုမပြုသင့်ပါကြောင်း၊ အာဆီယံ၏ တူညီဆန္ဒ(၅) ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

AHA Centre မှတစ်ဆင့်ပေးအပ်မည့်လူသားချင်းစာနာထောက်ထားမှု အကူအညီများ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


တွေ့ဆုံစဉ် H.E. Dr. KUNG Phoak က မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်၌ လိုအပ်ချက် ဆန်းစစ်ခြင်းအပါအဝင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး မြန်မာနိုင်ငံဘက်မှ ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် အသိအမှတ်ပြုပါကြောင်း ပြောကြားပြီး အာဆီယံ၏ တူညီဆန္ဒ (၅) ချက်အနက် စတုတ္ထအချက် အကောင်အထည်ဖော်ရန် ရှေ့ဆက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူသားချင်း စာနာမှုအကူအညီများ ပေးအပ်ရာ၌ လက်တွေ့ကျ၍ အမှန်တကယ်လုပ်ဆောင်နိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများပေးအပ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရေး မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကူအညီများအား ခွဲခြားမှုမရှိဘဲ အမှန်တကယ် လိုအပ်နေသည့် ပြည်သူများထံသို့ ရောက်ရှိရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံ၏တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကို အစဉ်တစိုက် အကူအညီပေးနေမှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ မမျှော်မှန်းနိုင်သည့် အခက်အခဲများကြောင့် အာဆီယံ၏တူညီဆန္ဒ (၅) ချက်ကိုအကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်အတွက် လုံလောက်သည့် အချိန်လိုအပ်ပါကြောင်းနှင့် ထိရောက်သော တိုးတက်မှုများ ပေါ်ထွက်လာစေရန် လုပ်ငန်းစဉ်အားလုံးသည် လက်တွေ့ကျရန် လိုအပ်ပါကြောင်း ပြောကြားသည်။ H.E. Dr. KUNG Phoak က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာအစိုးရနှင့်ပူးပေါင်း၍ အာဆီယံ၏ တူညီဆန္ဒ (၅) ချက်အကောင်အထည်ဖော်ရာတွင် ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

■

# အင်းစိန်မြို့နယ်၌ အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်း (၃/၂၀၂၂) တတိယအကြိမ် ဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက အမှာစကားပြောကြားသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်သင်တန်းဆရာများက ရေလုပ်သားသင်တန်းသား ၃၀ ကို ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ တစ်ရက်တာ သင်တန်းဖြစ်ပြီး ဆိပ်ကမ်းအကြောင်း၊ မီးဘေးကာကွယ်ရေး၊ ရှေးဦးပြုစုခြင်း၊ ငါး၊ ပုစွန်များ ကိုင်တွယ်ခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်းနှင့် ရေကြောင်းပညာပေး စသည့် ဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို သင်ကြားဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**



# ရွေးကောက်ပွဲစက်ဝန်းပါ လုပ်ငန်းဆောင်တာများ

မောင်ကောင်းဆု

**ဒီမိုကရေစီနှင့်ရွေးကောက်ပွဲ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ တွင် **နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်** ဟု ဖော်ပြထားသည်။ ဒီမိုကရေစီ ကျင့်သုံးရာတွင်လည်း Direct Democracy နှင့် Representative Democracy ဟု နှစ်မျိုးရှိရာ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအများစုသည် ကိုယ်စားပြုဒီမိုကရေစီစနစ်(Representative Democracy System) ကို ကျင့်သုံးကြသည်။ ယင်းစနစ်အရ ပြည်သူများက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံ၏အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စား ကျင့်သုံးကြခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ရွေးကောက်ပွဲများသည် အဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်သည်ဟု မှတ်ယူရပါမည်။

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရန်တာဝန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်မြို့နယ်လျှင် နှစ်ဦးစီနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပေးရပါမည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ တစ်ရက်တည်းတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၃၃၀၊ ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း ၁၇၀၀၀ ခန့်ရှိ မဲရုံပေါင်း လေးသောင်းကျော်တွင် မဲဆန္ဒရှင်ပြည်သူပေါင်း သန်း ၃၀ ခန့်က ဆန္ဒမဲပေးခြင်းကို စနစ်တကျပြီးမြောက်အောင် ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏကို စဉ်းစားကြည့်လျှင် သိနိုင်ပါသည်။

**ရွေးကောက်ပွဲစက်ဝန်း**

ရွေးကောက်ပွဲကျင်းပသည့် ရက်ပိုင်းတွင်သာ အလုပ်ရှိသည်ဟုထင်ရသော ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်ဟူသည် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား၊ အကြားအလပ်မရှိ တစ်ဆက်တည်းရှိနေ၏။ ဤသဘောသရုပ်ကို ရွေးကောက်ပွဲရာသီစက်ဝန်း (Electoral Circle) ဖြင့် ဖော်ပြကြပြီး အချိန်ကာလအားဖြင့် အောက်ပါအတိုင်း ပိုင်းခြားသတ်မှတ်ထားပါသည်-

(က) ရွေးကောက်ပွဲအကြိုကာလ (PRE-ELECTION PERIOD)

(ခ) ရွေးကောက်ပွဲကာလ (ELECTION PERIOD)


(ဂ) ရွေးကောက်ပွဲအလွန်ကာလ (POST ELECTION PERIOD) တို့ဖြစ်ပြီး

သက်ဆိုင်ရာ အချိန်ကာလအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ရှိကြပါသည်။

**ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းများ**

ရွေးကောက်ပွဲတစ်ခု ကျင်းပပြီးနောက် ဆောင်ရွက်ရမည့် ရွေးကောက်ပွဲအလွန်ကာလ လုပ်ငန်းများပြီးစီးချိန်မှ နောက်ကျင်းပမည့် ရွေးကောက်ပွဲအတွက် နေ့ရက် သတ်မှတ်သော ကြေညာချက်ထုတ်ပြန်သည့် ရက်နေ့အထိ ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်။ သက်ဆိုင်ရာလုပ်ငန်းအလိုက် အသေးစိတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့် ပြီးစီးရမည့်အချိန်ကာလကို လျာထားသတ်မှတ် စီမံဆောင်ရွက်ရသည်။ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းများစွာရှိသည့်အနက် အရေးကြီးသည်များကို ထုတ်နုတ်ဖော်ပြပါမည်။

**ဥပဒေမူဘောင်ပြင်ဆင်ရေးသည်** အရေးကြီးပြီး အဓိကထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ ယခင်ရွေးကောက်ပွဲ အတွေ့အကြုံအရ အားနည်းအားသာချက်များ၊ ပြည်တွင်းနှင့်နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုတင်ပြချက်များ၊ ကော်မရှင်အဖွဲ့ခွဲအသီးသီးက လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ၊ ပြန်လည်သုံးသပ်သည့် အစည်းအဝေးတွေ့ရှိချက်နှင့် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာသုံးသပ်ပြီး မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီလက်တွေ့ကျင့်သုံးနိုင်မည့်ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေး ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေပြုရေး လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခြင်းမှသည် အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ၊ နည်းဥပဒေများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိရေးအထိ လုပ်ငန်းစဉ်များကို အချိန်ကိုက်ဆောင်ရွက်ရပါသည်။




အလားတူ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခြင်းနှင့်ကြီးကြပ်ခြင်း ဆောင်ရွက်ရမည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှ ရပ်ကွက် / ကျေးရွာအဆင့်အထိ **ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် သင်တန်းများဖွင့်လှစ်ပို့ချခြင်းများဆောင်ရွက်ရသည်။ ကော်မရှင်ရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းများ ဖြည့်တင်းခန့်ထားခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း**များကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရသည်။ ပြည်သူလူထုနှင့်မဲဆန္ဒရှင်များအား **ရွေးကောက်ပွဲအသိပညာပေးဆောင်ရွက်ခြင်း**ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြင်ပမီဒီယာများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ရပါသည်။

ထို့အတူ အချိန်ကာလအလိုက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အချိန်မီပြီးမြောက်ရန်အတွက်လိုအပ်သော အသုံးစရိတ်များ ရရှိရေး **ဘဏ္ဍာငွေ လျာထားတောင်းခံခြင်း၊** ရွေးကောက်ပွဲတွင် အသုံးပြုမည့် **မဲလက်မှတ်နှင့်ကြိုတင်ဆန္ဒမဲစာအိတ်များ ရိုက်နှိပ်ရေး** သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆန္ဒပြုတံဆိပ်တုံး၊ ပလတ်စတစ်ခြင်းတောင်း၊ ချိပ်ထိုးတံဆိပ် အစရှိသည်များ အပါအဝင် **ရွေးကောက်ပွဲအထောက်အကူပြု ပစ္စည်းများ ဖြည့်တင်းရေး** စီမံဆောင်ရွက်ရသည်။

လွှတ်တော်သက်တမ်းအသစ်တစ်ရပ်အတွက် ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲဖြစ်ပါက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များ၊ အသုံးပြုသည့်ရွေးကောက်ပွဲစနစ်တို့နှင့်အညီ **မဲဆန္ဒနယ်များ သတ်မှတ်ခြင်း** ကို ဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ ရပ်/ ကျေးများ လက်ရှိပြင်ဆင်ဖွဲ့စည်းထားရှိမှု၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ဝေသော တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များစာရင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သည့်လူဦးရေစာရင်းနှင့် **တိုင်းရင်းသားလူမျိုးစာရင်းများကို ရယူ**အခြေခံရသည်။ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးစေပြီး မဲဆန္ဒနယ်များ ကြိုတင်လျာထားခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရသည်။

ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းများအနက် အရေးကြီးပြီး ပမာဏကြီးမားသည့် လုပ်ငန်းစဉ်မှာ **မဲဆန္ဒရှင်စာရင်း ပြုစုရေးဆောင်ရွက်ခြင်း** ဖြစ်သည်။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန်အတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးများထံမှ အခြေခံစာရင်းများကိုရယူပြီး ပူးပေါင်းပြုစုခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ဝန်ထမ်းအင်အားစုဖွဲ့ခြင်း၊ မဲဆန္ဒရှင်စာရင်းရေးသွင်းခြင်းနှင့် Software ဆိုင်ရာသင်တန်းများပေးခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းများကို သတ်မှတ်အချိန်ဇယားအတိုင်း ဆောင်ရွက်ရသည်။ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် အကြိမ်ကြိမ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရသည်။

ထို့အပြင် မဲဆန္ဒရှင်စာရင်းပြုစုခြင်းအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုခြင်းဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်များ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ **နိုင်ငံရေးပါတီများကိုတွေ့ဆုံဆွေးနွေးခြင်း**များ ဆောင်ရွက်ရသည်။ တစ်ချိန်တည်းတွင်ပင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ **ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံခြင်း၊** ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကျား/မ တန်းတူညီမျှရေး၊ တိုင်းရင်းသားများ၊ မသန်စွမ်းသူများအပါအဝင် အရည်အချင်း ကိုက်ညီသူ**အားလုံး ပါဝင်မှုမြှင့်တင်ရေး**တို့အတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရပါသည်။

အလားတူ ကျင်းပမည့်ရွေးကောက်ပွဲ၏ လွတ်လပ်တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့်အများယုံကြည်လက်ခံမှုရရှိရေးအတွက် **ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ သတင်းမီဒီယာများ**ကို လေ့လာခွင့်နှင့် သတင်းရယူခွင့်ပြုနိုင်ရေး ကြိုတင်ပြင်ဆင်ရသည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **မဲဆန္ဒနယ်များ၏ လုံခြုံရေးအခြေအနေများစိစစ်ခြင်း၊ ရွေးကောက်ပွဲလုံခြုံရေးနှင့် ရွေးကောက်ပွဲကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲခြင်း** (Electoral Risk Management Tool) တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရသည်။

**ရွေးကောက်ပွဲကာလလုပ်ငန်းများ**

ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် နေ့ရက်သတ်မှတ်သော ကြေညာချက်ထုတ်ပြန်သည့်နေ့မှစတင်၍ ရွေးကောက်ပွဲကျင်းပပြီး ဆန္ဒမဲရလဒ်များရေတွက်၍ လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ထုတ်ပြန်ကြေညာပြီးချိန်အထိ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည်။ အရေးကြီးပြီး သတ်မှတ်သည့် အချိန်ကာလအတွင်း အချိန်ကိုက်ပြီးစီးအောင်ဆောင်ရွက်ရသည်။ ပထမဦးစွာဆောင်ရွက်ရသည့်လုပ်ငန်းမှာ **ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ကြေညာချက်များ ထုတ်ပြန်ခြင်း** ဖြစ်သည်။ ယင်းတွင် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်းနှင့်စိစစ်ခြင်းတို့ပြုလုပ်မည့်နေ့ရက်များ၊ မဲစာရင်းထုတ်ပြန်ကြေညာမည့်ရက်များ၊ ပြည်ပရောက် မဲဆန္ဒရှင်များအပါအဝင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ပုံစံ (၁၅) ထုတ်ယူပေးပို့ရမည့် နေ့ရက်သတ်မှတ်ချက်များ၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာချက်ကပ်ထားကြေညာမည့်ရက်၊ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာများ၊ မဲဆွယ်စည်းရုံးခြင်းရပ်နားရမည့်နေ့ရက်နှင့်အချိန် အစရှိသည်တို့ပါဝင်ပြီး သတ်မှတ်အချိန်ဇယားအတိုင်း ထုတ်ပြန်ခြင်းဖြစ်သည်။

အလားတူ ဆောင်ရွက်ရသည့်လုပ်ငန်းမှာ **မဲဆန္ဒနယ်များသတ်မှတ်ကြေညာခြင်း** ဖြစ်သည်။ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်အတည်ပြုပြီးဖြစ်သည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ် စာရင်းများကို သတ်မှတ်ရက်အတိုင်း ထုတ်ပြန်ကြေညာရသည်။ ထို့အတူ မဲဆန္ဒနယ်များ၏လက်ရှိလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုအပါအဝင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်သည့်အခြေအနေ ရှိ၊ မရှိ အစရှိသည့် **မဲဆန္ဒနယ်များ၏လုံခြုံရေးအခြေအနေများစိစစ်ခြင်း**ကို သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ အကြောင်းကြားညှိနှိုင်းဆောင်ရွက်ရသည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

အရေးကြီးသည့်အခြားလုပ်ငန်းစဉ်တစ်ခုမှာ ရွေးကောက်ပွဲတွင်အသုံးပြုမည့် **မဲဆန္ဒရှင်စာရင်းပြုစုခြင်း**ဖြစ်သည်။ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုသတ်မှတ်သည့်နေ့ရက်များအတိုင်း မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ကပ်ထားကြေညာခြင်း၊ ပြင်ဆင်ပြုစုခြင်း လုပ်ငန်းစဉ်များကိုဆောင်ရွက်ခြင်းဖြစ်သည်။ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ကပ်ထားကြေညာသည့်မဲစာရင်းများကိုကြည့်ရှုပြီး မိမိအမည်မပါကတောင်းဆိုခြင်း၊ မှားယွင်းမှုရှိပါက ပြင်ဆင်ခြင်းနှင့် မပါသင့်သူများပါနေပါက ကန့်ကွက်ခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရသည်။ ထို့နောက် **မဲဆန္ဒရှင်စာရင်းနှင့်မဲရုံတည်နေရာများ** အတည်ပြုသတ်မှတ်ခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရသည်။

ထို့အတူ **ရွေးကောက်ပွဲကာလလုံခြုံရေး**အတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်၍ လုံခြုံရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ တပ်မတော်၏လုံခြုံရေး အစောင့်အရှောက်ရယူရန်လိုအပ်သောနယ်မြေများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် **ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း** မမျှော်လင့်သော ကိစ္စရပ်များဖြစ်ပေါ်လာပါက မဲဆန္ဒနယ်များအလိုက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် **ရွေးကောက်ပွဲဘေးအန္တရာယ်စီမံခန့်ခွဲခြင်း**ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ကြိုတင်ညှိနှိုင်းပြင်ဆင်ရသည်။

အလားတူ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ စနစ်တကျရှိရေးနှင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း အငြင်းပွားမှု၊ ဆူပူအကြမ်းဖက်မှုများမဖြစ်စေရေး **ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်း**ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်ရသည်။ ထို့အတူ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာ **ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း**များလုပ်ဆောင်ရသည်။ တစ်ချိန်တည်းတွင် **လွှတ်တော်ကိုယ်စားလှယ်လောင်းများစိစစ်အတည်ပြုခြင်း**ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ သတ်မှတ်ကာလအတွင်း **မဲဆွယ်စည်းရုံးခွင့်ပြုခြင်း**တို့ လုပ်ဆောင်ရသည်။

ထို့အပြင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဝန်ထမ်းများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ပိုမိုကျွမ်းကျင်မှုရှိရန် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များဆိုင်ရာ **မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချခြင်း**နှင့် ပြည်သူလူထုနှင့်မဲဆန္ဒရှင်များအား **ရွေးကောက်ပွဲအသိပညာပေးဆောင်ရွက်ခြင်း**လုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြင်ပမီဒီယာများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည်။ ရွေးကောက်ပွဲအသုံးစရိတ်ကို **ဘဏ္ဍာနှစ်အလိုက် လျာထားတောင်းခံခြင်း**နှင့် ခွဲဝေချထားခြင်း၊ **မဲလက်မှတ်နှင့် ကြိုတင်မဲစာအိတ်များရိုက်နှိပ်ရေး**နှင့် လျာထားရက်များအတိုင်း ထုတ်ယူရရှိပြီး ဖြန့်ဝေပေးနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရသည်။ **မဲလက်မှတ်နှင့်စာအိတ်များပေးပို့ခြင်း၊ မဲရုံသုံးအထောက်အကူပစ္စည်းများ ဖြန့်ဝေပေးပို့ခြင်း**များ စီမံဆောင်ရွက်ရပြီး လမ်းခရီးနှင့်ဆက်သွယ်ရေးခက်ခဲသောဒေသများသို့ ပို့ဆောင်ရာတွင် သတ်မှတ်ကာလအတွင်း ရောက်ရှိရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တပ်မတော်ပိုင်လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများဖြင့် ပို့ဆောင်ပေးရသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်မှု မြှင့်တင်ရေးလုပ်ငန်းစဉ်အရ လူမှုအဖွဲ့အစည်းများ၊ ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်သည့်ဌာန/အဖွဲ့အစည်းများအပါအဝင် **ပြင်ပအဖွဲ့အစည်းများနှင့် ဆက်ဆံရေး**ကို ဆောင်ရွက်ရသည်။ နိုင်ငံရေးပါတီများ တည်ထောင်/မှတ်ပုံတင်ခွင့်ကိစ္စများ၊ ရွေးကောက်ပွဲတွင် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့် မဲဆန္ဒနယ်သတ်မှတ်ချက်နှင့် **နိုင်ငံပိုင်မီဒီယာများမှဟောပြောထုတ်လွှင့်ခွင့်** ကိစ္စများနှင့်စပ်လျဉ်း၍ **နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်း**ဆွေးနွေးရသည်။ သတ်မှတ်မဲဆန္ဒနယ်အရေအတွက် မယှဉ်ပြိုင်နိုင်သော **နိုင်ငံရေးပါတီများကို ဖျက်သိမ်းခြင်း**များ ဆောင်ရွက်ရသည်။

ထို့အတူ ရွေးကောက်ပွဲတွင် အဓိကပါဝင်ဆောင်ရွက်ရမည့် **မဲရုံအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**၊ တစ်နိုင်ငံလုံးရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံဝန်ထမ်းပေါင်း ငါးသိန်းခန့်ကို မဲရုံလုပ်ငန်းဆိုင်ရာသင်တန်းများပို့ချရသည်။ မသန်စွမ်းသူများအပါအဝင် မဲဆန္ဒရှင်များ မဲရုံများတွင် **အဆင်ပြေစွာမဲပေးနိုင်ရေးညွှန်ကြားခြင်းများ** ဆောင်ရွက်ရသည်။

ထို့နောက် **မဲဆန္ဒနယ်ပြင်ပကြိုတင်ဆန္ဒမဲပေးခြင်း** လုပ်ငန်းစဉ်အရ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များနှင့် ပြည်တွင်းရှိ မဲဆန္ဒနယ်ပြင်ပရောက်နေသူများ

> **ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ရွေးကောက်ပွဲလေ့လာသူများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲဆန္ဒရှင်ပြည်သူများ အပါအဝင် နိုင်ငံသားအားလုံးသည် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မိမိတို့တာဝန်ကို ကောင်းစွာသိရှိနားလည်ပြီး ကျေပွန်စွာဆောင်ရွက်ရန် လိုအပ်**

ကြိုတင်ဆန္ဒမဲပေးခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရသည်။ ၎င်းနောက် **မဲဆန္ဒနယ်အတွင်းကြိုတင်ဆန္ဒမဲပေးခြင်း**ကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများက ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ **မီဒီယာများသတင်းရယူခွင့်**နှင့် ပြည်တွင်းပြည်ပ **ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များလေ့လာခွင့်**တို့ကို သတ်မှတ်စည်းကမ်းနှင့်အညီ ခွင့်ပြုပေးရသည်။

အလားတူ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သင်တန်းများနှင့် မဲရုံအဖွဲ့ဝင်များ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်များအတွက် အသုံးစရိတ်များ၊ သယ်ယူပို့ဆောင်စရိတ်၊ ရုံးသုံးစာရေးကိရိယာ အပါအဝင် ကုန်ကျမည့်**ဘဏ္ဍာငွေအသုံးစရိတ်များ**ကို သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက်အသေးစိတ် တွက်ချက်၍ ခွဲဝေချထားပေးရသည်။ ထို့အတူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ လစ်ဟာမှုနှင့် မှားယွင်းမှုမရှိရေး **ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ထပ်မံအသိပေးညွှန်ကြားခြင်း**များ ဆောင်ရွက်ရသည်။ ယင်းနောက်တွင်ကား ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကြိုတင်ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လာရောက်ဆန္ဒမဲပေးခြင်းဖြင့် **ရွေးကောက်ပွဲကျင်းပခြင်း**ဖြစ်သည်။ ၎င်းနောက် မဲရေတွက်ခြင်း၊ ရလဒ်စာရင်းများ ရေးသွင်းခြင်း၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က အတည်ပြုပေးပို့ခြင်းများ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အတည်ပြုချက်ရယူပြီး **ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ထုတ်ပြန်ကြေညာ**ခြင်းဖြစ်သည်။

**ရွေးကောက်ပွဲအလွန်ကာလလုပ်ငန်းများ**

လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကို ပြည်ထောင်စုရွေးကေကာက်ပွဲကော်မရှင်က ထပ်ဆင့်ကြေညာသည့်ရက်မှ ကိုယ်စားလှယ်အသိအမှတ်ပြုလွှာများ ထုတ်ပေးပြီးနောက် ကိုယ်စားလှယ်များ လွှတ်တော်တွင် ကတိသစ္စာပြုသည့်နေ့ရက်အထိ ကာလအတွင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အတည်ပြုထုတ်ပြန်ထားသည့် တစ်နိုင်ငံလုံး၏ **လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်ဆင့်ကြေညာ**ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့၍ နိုင်ငံပိုင်မီဒီယာများမှ သတင်းထုတ်ပြန်ခြင်းဖြစ်သည်။ အလားတူ လွှတ်တော်အသီးသီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ **ရွေးကောက်ပွဲကုန်ကျစရိတ်များ သတ်မှတ်ရက်အတွင်းတင်ပြရန် အသိပေးထုတ်ပြန်ကြေညာခြင်း**နှင့် တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားခြင်းများ ဆောင်ရွက်ရသည်။

ထို့အတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါ) အသီးသီး၏ **ရွေးကောက်ပွဲဆိုင်ရာ ရလဒ်စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာခြင်း**များ ဆောင်ရွက်ရသည်။ အလားတူ လွှတ်တော်အသီးသီးအတွက် **တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း**များကို ကာကွယ်ရေးဝန်ကြီးဌာနမှ တောင်းခံပြီး ထုတ်ပြန်ကြေညာရသည်။ **ရွေးကောက်ပွဲအစီရင်ခံစာပြုစုခြင်း**ကို ရွေးကောက်ပွဲကျင်းပပြီးနောက် ၄၅ ရက်အတွင်း ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများသို့ ပေးပို့ရသည်။

ဆောင်ရွက်ရသည့် အခြားလုပ်ငန်းများမှာ ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများနှင့် မှတ်တမ်းများ ထိန်းသိမ်းရေး၊ လွှတ်တော်ကိုယ်စားလှယ်ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်ပြုစုရေး၊ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကုန်ကျစရိတ်များပြုစုပေးပို့ရေးတို့အတွက် **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့အကြောင်းကြားခြင်း**များ ဆောင်ရွက်ရသည်။ အလားတူ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် **ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခြင်း**များ ဆောင်ရွက်ရသည်။

ထိုနည်းတူ ဆောင်ရွက်ရသည့်လုပ်ငန်းမှာ ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်၍ နောင်ပြုလုပ်မည့်ရွေးကောက်ပွဲများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် **ရွေးကောက်ပွဲအပြီးပြန်လည်သုံးသပ်ခြင်း**ကို သက်ဆိုင်သည့်ပုဂ္ဂိုလ်/အဖွဲ့အစည်းအားလုံးနှင့် ဆွေးနွေးဆောင်ရွက်ရသည်။ အလားတူ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ **ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေများနှင့်**စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရသည်။ ထို့အပြင် ရွေးကောက်ပွဲတွင် ပေါ်ပေါက်လာသော တရားမဲ့ပြုကျင့်မှုနှင့် အငြင်းပွားမှုများအတွက် တင်သွင်းလာသည့် **ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို** ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်ရသည်။ ထိုနည်းတူစွာပင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသော လွှတ်တော်ကိုယ်စားလှယ်များနေရာတွင် **အစားထိုးဖြည့်တင်းခြင်း**ကို ဆက်လက်ဆောင်ရွက်ရပါသည်။

**နိဂုံး**

အထက်ဖော်ပြပါမြားမြောင်လှသည့် လုပ်ငန်းတာဝန်များမှာ ရွေးကောက်ပွဲစက်ဝန်းပါကာလသုံးပါးဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့၌ ဆောင်ရွက်ရသည့်လုပ်ငန်းစဉ် အကျဉ်းမျှသာဖြစ်သည်။ ယင်းလုပ်ငန်းစဉ်များသည် ရွေးကောက်ပွဲတစ်ခုနှင့်တစ်ခုကြား အကြားအလပ်မရှိ တစ်ဆက်တစ်စပ်တည်းရှိနေကြသည်။ အချို့လုပ်ငန်းစဉ်များသည် ရွေးကောက်ပွဲစက်ဝန်းပါကာလတစ်ခုတည်းတွင်သာမက ကာလ နှစ်ခု/သုံးခုလုံးနှင့် အကျုံးဝင်ပြီး ဆက်လက်ဆောင်ရွက်ရသည်များလည်း ရှိပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်လျက်ရှိသည့် မိမိတို့နိုင်ငံတွင် နိုင်ငံသားအားလုံးသည် ဒီမိုကရေစီအခွင့်အရေးများတန်းတူရရှိမည်ဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်ရမည့်တာဝန်များလည်းရှိပါသည်။ ဤဒီမိုကရေစီ တာဝန်နှင့်အခွင့်အရေးကို မှန်ကန်စွာ ကျင့်သုံးလိုက်နာဆောင်ရွက်ရပါမည်။ ရွေးကောက်ပွဲတစ်ရပ်အောင်မြင်စွာကျင်းပနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ရွေးကောက်ပွဲလေ့လာသူများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲဆန္ဒရှင်ပြည်သူများအပါအဝင် နိုင်ငံသားအားလုံးသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မိမိတို့တာဝန်ကို ကောင်းစွာသိရှိနားလည်ပြီး ကျေပွန်စွာ ဆောင်ရွက်ရန်လိုအပ်ပါသည်။

ရွေးကောက်ပွဲတစ်ခု၏စံနှုန်းကို လွတ်လပ်ပြီး တရားမျှတမှု ရှိ၊ မရှိ Free and Fair ဖြစ်၊ မဖြစ် ဟူသောပေတံဖြင့် တိုင်းတာကြသည်။ ရွေးကောက်ပွဲတွင်မဲဆန္ဒရှင်များသည် မည်သည့်ဖိအား၊ နှောင့်ယှက်မှုမပါဘဲ မိမိဆန္ဒကိုလွတ်လပ်စွာထုတ်ဖော်ခွင့်ရရှိရန်လိုအပ်သည်။ ထိုအခြေအနေမျိုးရရှိအောင်လည်း ဖန်တီးစီစဉ်ပေးရမည်ဖြစ်သည်။ အခြေခံလိုအပ်ချက်မှာ မဲဆန္ဒနယ်မြေများ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန်ဖြစ်သည်။ သက်ဆိုင်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ပုဒ်ဖြစ်သည့် **“အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့ ” (Credible Elections Paving The Way To Democracy)** လှမ်းချီနိုင်ရေးနှင့် နိုင်ငံတော်၏မျှော်မှန်းချက်ဖြစ်သော **အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး** နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၉**

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကဖြစ်သည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် နာယကကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့များ၏ ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် အင်ဂျင်နီယာလုပ်ငန်းများ၊ အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ လုပ်ငန်းရပ်များနှင့်ပတ်သက်၍ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်၊ စည်းကမ်းထိန်းသိမ်းရန်၊ အရည်အသွေးထိန်းသိမ်းမြှင့်တင်ရန်အတွက် ဥပဒေအရ ဖွဲ့စည်းထားသည့် ပညာရှင်အဖွဲ့အစည်း (Professional Statutory and Regulatory Body) တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် အင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယသက်တမ်းသို့ပင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၄၅ အရ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်တို့သည် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည့် အားလျော်စွာ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ကောင်စီ၏ ဥပဒေ၊ နည်းဥပဒေပါအတိုင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် နိုင်ငံတော်ရှိ အင်ဂျင်နီယာများ၊ နည်းပညာရှင်များ၊ နည်းပညာ ကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးမြှင့်တင်ရေးဆောင်ရွက်ရာတွင် တစ်ဦးချင်း အဆင့် (Individual Level)၊ အဖွဲ့အစည်းဆိုင်ရာအဆင့် (Institutional Level) သာမက တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ၏ လုပ်ဆောင်မှု၊ ပြင်ပပတ်ဝန်းကျင်နှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုတို့ပါဝင်သည့် အားလုံးလွှမ်းခြုံနိုင်သောစနစ်အဆင့် (Systemic Level) အထိ ရောက်ရှိအောင် လုပ်ဆောင်သင့်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်နေသည့် အတိုင်ပင်ခံအင်ဂျင်နီယာများ (Consulting Engineer) ကို အင်ဂျင်နီယာပညာရှင်များထဲမှ မွေးမြူလေ့ကျင့်ပေးရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဇွန် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဇေယျဌာနီ (၂)လမ်းရှိ ဝန်ကြီးဌာနပရိဝုဏ်တွင် ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရတနာတန်းဝင် ကျွန်းပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် အမြင့်နှစ်ပေနှင့်အထက်ရှိသော နှစ်ရှည်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။ ယမန်နှစ်မိုးရာသီတွင် စိုက်ပျိုးခဲ့သော ကျွန်း၊ ပျဉ်းကတိုး နှစ်ရှည်ပင်များရှင်သန်မှုမှာ ၇၇ ရာခိုင်နှုန်းကျော်ရှိပြီး ယခုနှစ်စိုက်ပျိုးမှုအဖြစ် ကျွန်း ၃၀၀၊ ပျဉ်းမ ၅၀၊ ပိတောက် ၅၀၊ ငုဝါ ၅၀၊ စိန်ပန်း ၅၀ စုစုပေါင်း နှစ်ရှည်ပင် ၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို အဆိုပါ ရုံးအမှတ်(၂၃) ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ငါးကြင်းသားပေါက်များကို ငါးမျိုးစိုက်ထည့်ပေးကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက မင်္ဂလာကန်အတွင်းသို့ ငါးကြင်းသားပေါက်ကောင်ရေ ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# CMP စက်ရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးမှုများနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးအတွက် စနစ်တကျ လိုက်နာဆောင်ရွက်ရေး ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇွန် ၉**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများနှင့် မင်္ဂလာဒုံစက်မှုဇုန်ရှိ CMP အထည်ချုပ်စက်ရုံများဖြစ်သည့် Tarh Shin၊ Famoso Clothing၊ Myanmar Postarion စက်ရုံများသို့သွားရောက်ပြီး လုပ်ငန်းခွင်အတွင်း စက်ရုံ၊ အလုပ်ရုံများ၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးမှုများ စနစ်တကျဆောင်ရွက်ထားမှု၊ ကျန်းမာရေးကော်မတီဖွဲ့စည်းထားပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် လိုက်နာဆောင်ရွက်မှု၊ စက်ရုံအတွင်းရှိ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**ပြောကြား**

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးအတွက် အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ ထုတ်ကုန်များကို အရည်အသွေးမီ၊ အချိန်မီထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စက်ရုံအတွင်းရှိ သတ်မှတ်အဆင့်မီသူများကို ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါ ရရှိခံစားမှု လျော့နည်းကျဆင်းစေရေး ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များ၊ စစ်ဆေးရေးအရာရှိများ၏ အကြံပြုချက်များကို ကောင်းစွာသိရှိလိုက်နာဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ် မေလထိ ဖွဲ့စည်းထားသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ ၁၂၈၈ ခုရှိပြီး လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်စေရေး ဦးစီးဌာနမှ လုပ်ငန်းခွင် ပတ်ဝန်းကျင် အခြေအနေ တိုင်းတာအကဲဖြတ်ခြင်းကို ၈၈၅ ကြိမ်ထိ တိုင်းတာပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာလှည့်ခရီးသွားများ နိုင်ငံအတွင်းဝင်ရောက်နိုင်ရေး၊ ခရီးသွားလာမှုနှင့်နေထိုင်မှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးနှင့် သွားလာလည်ပတ်နေမှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

**ဝင်ရောက်လည်ပတ်လျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ခုနှစ် အောက်တိုဘာလမှစ၍ ကိုဗစ်ပြန့်ပွားမှုအခြေအနေ လျော့နည်းလာသည်နှင့်အမျှ ပြည်တွင်းခရီးသွားလာမှုများ စတင်တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Commercial Flight များ စတင်ဆင်းသက်ခဲ့ပြီး မေ ၂၀ ရက်မှစ၍ Tourist Visa ဖြင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်စေနိုင်ရန် စတင်




ခွင့်ပြုခဲ့ရာ မေ ၂၄ ရက်မှစတင်၍ ဝင်ရောက်လာသည်ကို တွေ့ရှိရကြောင်း၊ ယနေ့အထိ နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ဧည့်သည်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နေ့စဉ် နိုင်ငံတကာလေကြောင်းလိုင်း ရှစ်ခု ဆင်းသက်လျက်ရှိကြောင်း၊ ဧည့်သည်များကို ဝန်ဆောင်မှုပြုနိုင်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ Entry Point များတွင် Information Counter များ ဆောင်ရွက်ထားရှိကြောင်း၊ Guest List Management System (GLMS) စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်၍ မရသည့်အတွက် တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် ဟိုတယ်၊ တည်းခိုရိပ်သာများတွင် လုံခြုံရေးကိစ္စများအတွက် ကြိုတင်ဆောင်ရွက်ထားရန်ကိုလည်း လုပ်ငန်းရှင်များသို့ ဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းပြောကြားထားပြီးဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အစားအစာချက်ပြုတ်သင်တန်း ဖွင့်လှစ်

**ထားဝယ် ဇွန် ၉**

တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အစားအစာချက်ပြုတ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ထားဝယ်)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အစားအစာချက်ပြုတ်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ အစားအစာချက်ပြုတ်သင်တန်းအပြင် မုန့်ဖုတ်သင်တန်းနှင့် လက်မှုပညာသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများက သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းပညာဖွံ့ဖြိုးတိုးတက်ရေး အစားအစာချက်ပြုတ်သင်တန်းကို ဇွန် ၉ ရက်မှ ဇူလိုင် ၈ ရက်အထိ တစ်လတာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၉**

နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အကျိုးရှိရှိအသုံးချ**

ရှေးဦးစွာ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် က မြေယာများကို အကျိုးရှိရှိအသုံးချနိုင်ရန်နှင့် စိုက်ပျိုးမြေများပေါ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးစွမ်းအား တိုးတက်လာစေရန် စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများနှင့် သွင်းအားစုပစ္စည်းများ အသုံးပြုနိုင်ရေး ဘက်စုံကဏ္ဍစုံမှ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်း



အသုံးပြုရန်အတွက် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားလာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးနိုင်သည့် ဧရိယာများ အပါအဝင် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ထားသည့် ဧရိယာများ မလျော့ပါးစေရေးတို့ကို အလေးထား စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိရန် လျှောက်ထားလာပါက လယ်ယာမြေဥပဒေနှင့်အညီ တောင်သူများကို ခွင့်ပြုထုတ်ပေးလျက်ရှိပြီး အကြောင်း အမျိုးမျိုးကြောင့် ပျက်စီး ပျောက်ဆုံးပါကလည်း ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်က လယ်ယာမြေများ ပေါ်တွင် ပြောင်းလဲအသုံးပြုမည့် အကြောင်းအရာများနှင့် ပတ်သက်သည့် လျှောက်ထားလွှာများနှင့် ဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ကိုကို(ခရိုင်ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇွန် ၉**

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာပဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ ၂၉၆၀ ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကယားပြည်နယ်မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

လွိုင်ကော် ဇွန် ၉

ကယားပြည်နယ်အစိုးရအဖွဲ့မှ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကယားပြည်နယ်မှ အားကစားသမားများနှင့် ပြိုင်ပွဲဝင်ကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကျင်းပမည့် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တိုက်ကွမ်ဒို အားကစားနည်းတွင် (၅၇)ကီလိုတန်းပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသော မဒေစီဦးဂျူးလိယက်နှင့် အလေးမပြိုင်ပွဲတွင် (၅၉)ကီလိုတန်းပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိသော မနော်တဘိုးရာတို့အားလည်းကောင်း၊ ကယားပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဝင်အားကစားသမားလေးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ များကို အသီးသီး ချီးမြှင့်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုက်ကွမ်ဒိုနှင့် ဘော်လီဘော လက်ရွေးစင်အသင်းများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ၂၀၂၂ခုနှစ် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများကိုယ်စား ငွေတံဆိပ်ဆုရ တိုက်ကွမ်ဒိုအားကစားသမား မဒေစီဦးဂျူးလိယက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ငင်းနောက် ကယားပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်း




ဧည့်ခံခဲ့ပြီး (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မှတ်တမ်းဗီဒီယိုအား ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား / အမျိုးသမီး ဘော်လီဘော၊ ဘိလိယက်နှင့်စနူကာ၊ ဘတ်စကက်ဘောပြိုင်ပွဲများကို ရှမ်းပြည်နယ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး ဇွန် ၉

ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီး ဘော်လီဘော၊ ဘိလိယက်နှင့် စနူကာ၊ ဘတ်စကက်ဘောပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးကျော်ဆန်းဦးက အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြရာ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ပြိုင်ပွဲများအနက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ ဘတ်စကက်ဘောပြိုင်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ အမျိုးသား အမျိုးသမီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ရာ ယနေ့အထိ ဘော်လီဘောပြိုင်ပွဲအတွက် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ ဘတ်စကက်ဘောပြိုင်ပွဲအတွက် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲအတွက် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ကိုးသင်း စာရင်းပေးသွင်းထားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အစိုးရနည်းပညာအထက်တန်းကျောင်း ( မိတ္ထီလာ )တွင် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ဟောပြောပွဲကျင်းပ

မိတ္ထီလာ ဇွန် ၉

နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)တွင် ပထမနှစ်ကျောင်းသား ကျောင်းသူများအတွက် အထူးပြုသင်ယူမည့်ဘာသာရပ်များအကြောင်း သိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ဟောပြောပွဲတွင် ပထမနှစ်ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ် ဒေါက်တာကျော့ကျော့ရီက အမှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာ (ဌာနမှူး) ဆရာမများက သက်ဆိုင်ရာဘာသာရပ်များအကြောင်းကိုမိတ်ဆက်ပြောကြားသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ တပ်ကုန်း၊ နေပြည်တော် စသည့်မြို့များမှ ပထမနှစ်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ပညာသင်ယူလျက်ရှိပြီး ကျောင်းအပ်လက်ခံခြင်းကို ဇွန် ၂၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။ အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)တွင် တက်ရောက်လိုသူများအနေဖြင့် အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်း (Grade-9) အောင်မြင်ပြီးသူ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ၊ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူများအနေဖြင့် ကျောင်းဝင်ခွင့်လျှောက်ထားနိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၈ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၅၈,၆၈၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၄၁၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၃၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၆၈) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၅) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၈၄) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၄၆၃) ခု | (၁)ဦး |
| စုစုပေါင်း | (၅,၅၁၄) ခု | (၁၀)ဦး |

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၉၈၈၆၇၁ | ၈၂၈၂၅၉၉၉ | ၁၀၃၅၀၃၁ |
| ၂။ | အိန္ဒိယ | ၄၃၁၉၇၅၂၂ | ၄၂၆၄၀၃၀၁ | ၅၂၄၇၂၃ |
| ၃။ | ဘရာဇီး | ၃၁၃၁၅၇၇၇ | ၃၀၁၅၅၃၈၆ | ၆၆၇၇၀၁ |
| ၄။ | ပြင်သစ် | ၂၉၇၁၃၂၁၉ | ၂၉၁၄၂၄၇၈ | ၁၄၈၆၆၈ |
| ၅။ | ဂျာမနီ | ၂၆၆၅၂၃၈၀ | ၂၅၈၀၃၃၀၀ | ၁၃၉၉၄၈ |
| ၆။ | ဗြိတိန် | ၂၂၃၆၃၀၆၇ | ၂၂၀၀၇၀၄၄ | ၁၇၉၀၈၃ |
| ၇။ | ရုရှား | ၁၈၃၆၅၈၇၉ | ၁၇၇၈၁၉၂၂ | ၃၇၉၈၁၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၀၀၃၄၆ | ၁၇၉၃၃၃၉၂ | ၂၄၃၂၃ |
| ၉။ | အီတလီ | ၁၇၅၆၆၀၆၁ | ၁၆၇၆၉၈၉၇ | ၁၆၇၁၆၉ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၂၈၇၂၀ | ၉၅၃၅၉၉၈ | ၄၃၀၈၁ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၈၇၃၆ | ၅၈၉၈၀၄၀ | ၁၅၆၆၃၅ |
| ၃။ | မလေးရှား | ၄၅၁၈၉၆၅ | ၄၄၆၁၆၇၁ | ၃၅၇၀၅ |
| ၄။ | ထိုင်း | ၄၄၇၇၀၅၂ | ၄၄၂၁၅၂၈ | ၃၀၂၆၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၂၃၃၆ | ၃၆၂၉၃၅၁ | ၆၀၄၅၆ |
| ၆။ | စင်ကာပူ | ၁၃၂၉၂၂၅ | ၁၂၄၇၂၂၅ | ၁၃၉၄ |
| ၇။ | မြန်မာ | ၆၁၃၄၁၅ | ၅၉၂၃၉၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၂၉ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၅၁၉၅၀ | ၁၄၈၉၂၂ | ၂၂၄ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကျိုက်လတ်၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေ



ကျိုက်လတ် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ“သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးရေး ငါးသယံဇာတထိန်းသိမ်းပေး” မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျိုက်လတ်မြို့ လှည်းဆိပ်တံတားအနီး ဈေးရှေ့နေရာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဆန်းနှင့် ဝန်ထမ်းများ၊ လှည်းဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ငါး၊ ပုစွန်လုပ်ငန်းရှင်များပါဝင်စိုက်ထူကြပြီး ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များအား ဒေသခံပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

၂၀၇

# တရုတ်နိုင်ငံက လကမ္ဘာ၏ဘူမိမျက်နှာပြင်ဆိုင်ရာမြေပုံအား ရေးဆွဲထုတ်လုပ်နိုင်ခဲ့

**ပေကျင်း ဇွန် ၉**

လကမ္ဘာ၏ဘူမိမျက်နှာပြင်ဆိုင်ရာမြေပုံကို တရုတ်နိုင်ငံက ပထမဆုံးအကြိမ် ရေးဆွဲထုတ်လုပ်နိုင်ခဲ့ကြောင်း တရုတ်သိပ္ပံပညာဆိုင်ရာအကယ်ဒမီက ပြောကြားသည်။


ယင်းမြေပုံသည် ကမ္ဘာပေါ်တွင် ပထမဆုံးရေးဆွဲနိုင်ခဲ့သည့် မြေပုံအမျိုးအစားဖြစ်ကြောင်းနှင့် တရုတ်သိပ္ပံပညာဆိုင်ရာအကယ်ဒမီ၏ ဘူမိဓာတုဗေဒဆိုင်ရာအင်စတီကျုနှင့် အခြားတက္ကသိုလ်များက ပူးပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမြေပုံရေးဆွဲရန်အတွက် တရုတ်နိုင်ငံ၏ လကမ္ဘာလေ့လာရေးယာဉ်ချန်အီးမှ သုတေသနပြုချက်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ သုတေသနပြုချက်များကို မှီငြမ်းကာဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါလ၏ဘူမိမျက်နှာပြင်ဆိုင်ရာမြေပုံအား တရုတ်နှင့်အင်္ဂလိပ်ဘာသာနှစ်မျိုးဖြင့် ရေးဆွဲထုတ်ဝေခြင်းဖြစ်ပြီး စာရွက်တွင်ရေးဆွဲထုတ်လုပ်ခြင်းနှင့် အီလက်ထရွန်နစ်မြေပုံအဖြစ်လည်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံက လ၏ဘူမိဗေဒမြေပုံကို စကေး ၁:၂၅၀၀၀၀၀ ဖြင့် ကမ္ဘာပေါ်တွင် ပထမဆုံးထုတ်ဝေခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် ထပ်ဆောင်းထိုးနှံမှု စတင်

**ဖနောင်ပင် ဇွန် ၉**

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုအစီအစဉ်ကို ယနေ့စတင်ခဲ့ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီး အော်ဗန်ဒိုင်က ပြောကြားခဲ့သည်။

အဆိုပါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှု အစီအစဉ်တွင် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်အမတ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ အစိုးရဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများ၊ သံရုံးဝန်ထမ်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သတင်းထောက်များနှင့် အနုပညာရှင်များကို ဦးစားပေးထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမဖြစ်စေရေးအတွက် ထိရောက်သည့်လက်နက်တစ်ခုဖြစ်ကြောင်း ဝန်ကြီး အော်ဗန်ဒိုင်က ဖနောင်ပင်မြို့ရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာတစ်ခု၌ သတင်းထောက်များအား ပြောကြားသည်။

ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှု ခံယူခြင်းသည် ကိုယ်ခံစွမ်းအားကို ပိုမိုမြင့်တက်စေသည့်အတွက် ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှုကို ခံယူသင့်ကြောင်း ပြည်သူများအား ၎င်းက တိုက်တွန်းပြောကြားသည်။

ဒုတိယအကြိမ်နှင့် ယခု တတိယအကြိမ် ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံသည့်အချိန်ကြားကာလသည် အနည်းဆုံး သုံးလခန့်ခြားကာ ထိုးနှံသင့်ကြောင်း ၎င်းကဆက်လက်ပြောသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူပြီးသူ ၁၅ သန်းကျော် (လူဦးရေ၏ ၉၄ ရာခိုင်နှုန်း) ရှိပြီး ၁၄ ဒသမ ၃ သန်း (၈၉ ဒသမ ၄ ရာခိုင်နှုန်း) သည် ကာကွယ်ဆေးအပြည့်အဝ ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၉ ဒသမ ၂၈ သန်း ( ၅၈ ရာခိုင်နှုန်း) သည် ပထမအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၁၆ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးဖြစ်သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် တရုတ်နိုင်ငံထုတ် Sinovac နှင့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကိုသာ အသုံးပြုခဲ့ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၂ ဦးထပ်မံတွေ့ရှိ

**ဟနွိုင်း ဇွန် ၉**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၂ ဦးထပ်မံတွေ့ရှိပြီး အဆိုပါအရေအတွက်သည် ဇွန် ၈ ရက်က တွေ့ရှိမှုထက် ၁၁၁ ဦးလျော့နည်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန်ရောဂါကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

မြို့တော်ဟနွိုင်းမှ ၁၈၄ ဦး၊ ယန်ဘိုင်ခရိုင်မှ ၆၆ ဦး နှင့် ဖူသိုခရိုင်မှ ၄၂ ဦး အသီးသီးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၇၂၈၇၂၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၈၁ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၅၃၅၉၉၈ ဦး (ရောဂါကူးစက်ခံရသူများ၏ ၈၉ ရာခိုင်နှုန်း) သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၂၂ ဒသမ ၆ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ယင်းတို့အနက် ၂၀၀ ဒသမ ၁ သန်းအား အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဧပြီလမှစပြီး ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်း ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘာတစ်ဝန်း၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၀ ကျော်ရှိလာ

**ဂျီနီဗာ ဇွန် ၉**

ကမ္ဘာတစ်ဝန်း၌ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၀ ကျော်ရှိလာကြောင်းနှင့် ရောဂါကူးစက်ခံရသူ အများစုမှာ အနောက်နိုင်ငံများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့အက်ဒါနွမ် ဂါဘရီယီဆက်က ယမန်နေ့ သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခင်က မျောက်ကျောက်ရောဂါကူးစက်ဖူးခြင်း မရှိခဲ့သည့် နိုင်ငံ ၂၉ နိုင်ငံ၌ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၀၀၀ ကျော်တွေ့ရှိရကြောင်းနှင့် ရောဂါကူးစက်မှုကြောင့် သေဆုံးခြင်း မရှိသေးကြောင်း ဂါဘရီယီဆက်က ဆိုသည်။

ရောဂါကူးစက်ခံရသူများအား ရှာဖွေဖော်ထုတ်ခြင်းကဲ့သို့သော ရောဂါကူးစက်မှုထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကြိုးပမ်းလုပ်ဆောင်ကြရန် ရောဂါကူးစက်မှုတွေ့ရှိသည့် နိုင်ငံများအား ဂါဘရီယီဆက်က တိုက်တွန်းပြောကြားသည်။




မျောက်ကျောက် ရောဂါသည် တစ်ဦးနှင့်တစ်ဦး ထိတွေ့ခြင်းနှင့် ရောဂါကူးစက်ခံရသူနှင့် အနီးကပ်နေထိုင်ခြင်းတို့ကြောင့် ကူးစက်ခံရခြင်းဖြစ်သည့်အတွက် အဆိုပါအချက်များကို ရှောင်ရှားသင့်ကြောင်း မျောက်ကျောက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူ ရိုဆာမန်လူးဝစ် က ပြောကြားသည်။

ထို့ပြင် မျောက်ကျောက်ရောဂါသည် လေမှတစ်ဆင့် ကူးစက်နိုင်ဖွယ်ရှိကြောင်းလည်း ရိုဆာမန်လူးဝစ်က သတိပေးပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ကွန်ဂိုနိုင်ငံ၌ စိန်တွင်းပြိုကျမှုဖြစ်ပွား

**ကင်ရှာဆာ ဇွန် ၉**

ကွန်ဂိုနိုင်ငံအလယ်ပိုင်းတွင် ဇွန် ၇ ရက်က စိန်တွင်းပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၄၀ ကျော်သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကွန်ဂိုနိုင်ငံအလယ်ပိုင်း ကာဇိုင်ပြည်နယ် ဆန်ဘာမြို့တွင် စိန်တွင်းပြိုကျခဲ့ရာ အပျက်အစီးများအကြားမှ ရုပ်အလောင်းခြောက်ခုကို ကယ်ဆယ်ရေးအဖွဲ့များက တွေ့ရှိခဲ့ကြောင်း ကာဇိုင်ပြည်နယ် ပြည်ထဲရေးဝန်ကြီး အလိန်တီရီဆန်ဂူအန်တွန်ဘာက ပြောကြားသည်။ ယခုဖြစ်စဉ်တွင် သေဆုံးသူများမှာ မြေအောက်ရှိစိန်တွင်းတွင် တရားမဝင်လုပ်ကိုင်နေသည့် စိန်တွင်းတူးသမားများဖြစ်ပြီး ယခုဖြစ်ရပ်ကြောင့် အခြားစိန်တွင်းပေါင်း ၄၀ ကျော်တွင်လည်း ထိခိုက်မှုများရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ကျွဲကျောင်းနေသည့် ကလေးငယ်အား အသားချောင်းကျွေးမည်ဟု လိမ်လည်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၉

ကျွဲကျောင်းနေသည့် ကလေးငယ်ကို အသားချောင်းကျွေးမည်ဟု လိမ်လည်၍ တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ် ပင်းကွေ့ ကျေးရွာနေ ရှော်လမွန်၊ ကျ၀၊ ဒေါ်နားလယ်၊ ဒေါ်နာဒီးနှင့် မိုင်းခတ်မြို့နယ် ယမ်းမိုင်းရွာနေ အားသာတို့က ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ်နေ မောင် --- (၇)နှစ် ကျွဲကျောင်းနေစဉ် ဆိုက်ကော်(အသားချောင်း)ကျွေး၍ တရုတ်နိုင်ငံသို့ ရောင်းစားရန် လိမ်လည်ခေါ်ဆောင်သွားစဉ် ဖမ်းဆီးရမိသဖြင့် မိုင်းခတ်မြို့မရဲစခန်း(ပ) ၂၇/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ (က)/ ၃၂ ဖြင့် အမှုရေးဖွင့်၍ ကျိုင်းတုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ရှော်လမွန်နှင့် ကျ၀တို့ကို ဇွန် ၈ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် ကလေးတရားခံ အားသာကို အမိန့်ချမှတ်နိုင်ရေး ဆက်လက်စစ်ဆေးလျက်ရှိပြီး တိမ်းရှောင်တရားခံများဖြစ်သည့် ဒေါ်နားလယ်နှင့် ဒေါ်နာဒီးတို့ကို တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းအရိုင်းတုံးများနှင့် စက်သုံးဆီများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော စတီးရေပိုက်ခေါင်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လယ်ပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လုံးခင်းကျေးရွာမှ မြစ်ကြီးနားမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ ကျောက်စိမ်းအရိုင်းတုံး ဆိုဒ်စုံ ၂၉၁ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ



ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် သယ်ဆောင်လာသော လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရွှေဘိုမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီ ဂါလန် ၉၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၇၀၀၀၀ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၅၅၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။


သတင်းစဉ်

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၉

မိုးညှင်းမြို့နယ် ဗိုလ်တထောင်မြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် မြို့သစ်ကလေးကျေးရွာအုပ်စု မြို့သစ်ကလေးကျေးရွာအနီး မိုးညှင်း-ဟိုပင်သွားကားလမ်းတွင် ဆန်းဝင်းကြည်(ခ)အပု မောင်းနှင်လာသည့် ဆိုင်ကယ်ကို



ဟိန်းထက်ငြိမ်း၊ မြင့်လှိုင်(ခ)ပေါက်စနှင့် ဝေလွင်ဦးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၈၉၁ ကီလိုကို လည်းကောင်း၊ အလားတူ ဇွန် ၇ ရက် ည ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် ကုန်သည်လမ်း တိုက်အမှတ် (C-2 A) (၈)လွှာ၊ အခန်းအမှတ်(၀၈၀၃)သို့ ဝင်ရောက်ရှာဖွေရာ မြတ်မင်းထိုက်၊ ကျော်မင်းသိန်း၊ ထက်ကိုဦး၊ ဇော်ဇော်၊ ထက်နိုင်မင်းနှင့် ထင်အောင်လင်း(ခ)ဝါဆိုတို့ ခြောက်ဦးကို တွေ့ရှိရပြီး ဆေးခြောက် ၂၀ ဒသမ ၇ ကီလိုနှင့် ငွေကျပ် ၃ ဒသမ ၅ သိန်းကို လည်းကောင်း။

ထို့အတူ ဇွန် ၇ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု တောင်ခေါင်းပွားကျေးရွာ ရွာငံ-ဟံမြင့်မိုရ်သွားကားလမ်း ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်တွင် မြင့်လှိုင်(ခ) ပေါက်စ မောင်းနှင်ပြီး ဟိန်းထက်ငြိမ်း လိုက်ပါလာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၆ ဒသမ ၇၁ ကီလို၊ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၇ နာရီတွင် အဆိုပါနေရာ၌ မူးယစ်ဆေးဝါးများ သယ်ဆောင်သူ ဝေလွင်ဦးကို Toyota Hilux အမျိုးအစားမော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ခြောက်ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ခြောက်ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် နံနက် ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရွာငံ-ဟံမြင့်မိုရ်သွားလမ်း သံရွာစစ်ဆေးရေးဂိတ်တွင် ရွာငံမှ ကျောက်ဆည်သို့ တင့်လွင်မောင်းနှင်လာသည့် Hino ၁၂ ဘီး ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် တန်ဖိုးငွေကျပ် ခြောက်ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၆-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပဋ္ဌာနသုတ်၊ ရတနသုတ်၊ မောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုသည်မှာ |
| ၀၉:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၀၉:၄၀ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၂:၃၀ | မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောမိန်းမများ' (အပိုင်း-၅) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၅၂) |
| ၁၆:၃၅ | လူငယ်မျိုးဆက်သစ်အစီအစဉ် |
| ၁၇:၃၀ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | သုတဝေဖြာ သီရိဂေဟာ |
| ၁၉:၃၀ | မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောမိန်းမများ' (အပိုင်း-၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | "Music Gallery-3" တေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'အရွယ်သုံးပါး' |

### mitv

| | |
|---|---|
| 07:02 | Myitta (Kyawt Kay Khaing) |
| 07:08 | The Lapidarist |
| 07:23 | Atuladhipati Mahamunisacca Koe Htat Kyee Pagoda |
| 07:40 | Chanmyay Yeiktha Meditation Centre- Chaw Dwin Gone |
| 07:56 | Inn-Waing Waterfall |
| 08:01 | Myanmar Puppeteers (Zawgyi Dance) |
| 08:09 | Myanmar Betels |
| 08:26 | School For the Blind (Kyee Myin Dine) |
| 08:51 | Sweet Delicacy of Pathein |
| 09:01 | News |
| 09:27 | Global Partnership for Brighter Future: Iran Pavilion at Expo 2020 Dubai |
| 09:39 | The Art of Making Glaze Ware |
| 09:57 | Dances of Myanmar: Gaybar Kayin Traditional Dance |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဗိတ္ထီလာကန်သို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း

**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း(ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ရိုးရာခရုသုပ်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခရူးရိုးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
လှပ်းခဲ့ပါလေကယန်းပန်ပက်ဒေသဆီ

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သံတောင်မြို့အလှနှင့်ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့သဘာဝ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နဲ့တစ်မယား' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၆) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | အလေအလွင့်နည်းလို့စရိတ်သက်သာ ရိတ်သိမ်းခြွေလှေ့စက်အစွမ်းပါ |
| ၀၇:၅၀ | ရောဝတီမြစ်ကမ်းပါးပေါ်ကရှမ်းကလေးကျွန်းအလှ |
| ၀၈:၀၀ | ကျေးလက်ကွန်ရက်(၅) |
| ၀၈:၅၀ | နှစ်ရှည်ဝင်ငွေတိုးစေဖို့စပျစ်စိုက်ကြစို့ |
| ၀၉:၂၀ | ပြည်ထောင်စုနယ်မြေမှနေချင်စဖွယ် ကျေးရွာများ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံများအား ပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၉**

၂၀၂၁ ခုနှစ် မတ် ၁၄ ရက်တွင် လှမျိုးအောင်(ခ) ကိုမျိုး(ခ) ဝက်ကြီး ခေါင်းဆောင် အင်အား ၂၀ ခန့်သည် တုတ်၊ ဓားများ ကိုင်ဆောင်၍ လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်၌ အိမ်ငှား နေထိုင်သူ အမျိုးသမီးတစ်ဦး၏ နေအိမ်သို့ ရောက်ရှိလာပြီး ညဘက်သံပုံးမတီးသဖြင့် သူလျှို၊ ဒလန်ဟုစွပ်စွဲကာ စစ်ဆေးမည်ဟု ပြောဆို၍အတင်းအဓမ္မ ဖမ်းဆီး ခေါ်ဆောင် သွားခဲ့ကြောင်းနှင့် ဖမ်းဆီး ခေါ်ဆောင်သွားသည့် တရားခံ လှမျိုးအောင်(ခ)ကိုမျိုး (ခ)ဝက်ကြီးကို ဖမ်းဆီးရမိခဲ့သည့် သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ် သည်။

ဖမ်းဆီးရမိ တရားခံလှမျိုးအောင် (ခ)ကိုမျိုး(ခ)ဝက်ကြီး၏ ထွက်ဆို ချက်များအရ ၂၀၂၁ ခုနှစ် မတ် ၁၄ ရက် ည ၉ နာရီခန့်တွင် လှမျိုးအောင် (ခ)ကိုမျိုး(ခ) ဝက်ကြီး ခေါင်းဆောင်ပြီး မြင့်မြင့်အေး၊ တင်ထွန်းအောင်(ခ) မိုးလျှံ၊ သန့်ဇော်ဦးနှင့် မင်းမင်း(ခ) အောင်မင်းဦး အပါအဝင် လှိုင်သာ ယာမြို့နယ်အောင်မေတ္တာရပ်ကွက် အတွင်းရှိ ဆူပူအကြမ်းဖက်သူ ၂၀ ခန့်သည် အဆိုပါရပ်ကွက် အတွင်း နေထိုင်သည့် အပြစ်မဲ့ ပြည်သူ အမျိုးသမီးတစ်ဦးနှင့် အိမ်အကူ အမျိုးသမီးတစ်ဦးတို့ကို သံပုံးမတီးခြင်းကို အကြောင်း ပြကာ သူလျှို၊ ဒလန်ဟု စွပ်စွဲပြီး လက်ပြန်ကြိုး တုပ်နှောင်ကာ သုံးဘီးယာဉ်ဖြင့် လှိုင်သာယာ မြို့နယ် အမှတ်(၇)ရပ်ကွက်

**အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ**



လှမျိုးအောင်(ခ) ကိုမျိုး (ခ) ဝက်ကြီး



အောင်သူရဇော်(ခ) ကတုံး (ခ) သူရ



တင်ထွန်းအောင်(ခ) မိုးလျှံ



မြင့်မြင့်အေး

သောင်ကြီး ဘုန်းတော်ကြီး ကျောင်းသို့ ခေါ်ဆောင်၍ ရိုက်နှက် ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ် ခဲ့ကြောင်း၊ သောင်ကြီး ဘုန်းတော် ကြီးကျောင်းရှိ သံဃာတော်များမှ ကျောင်းဝင်းအတွင်း နှိပ်စက် ညှဉ်းပန်းမှုများ မပြုလုပ်ရန် မေတ္တာရပ်ခံသဖြင့် အဆိုပါ အမျိုး သမီးနှစ်ဦးကို အောင်မေတ္တာ ရပ်ကွက်ရှိ ဆွမ်းလောင်းဓမ္မာရုံသို့ ရွှေ့ပြောင်းခေါ်ဆောင်၍ ရိုက်နှက် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ ကြောင်း၊ ယင်းနောက် အမျိုးသမီး ၏ နေအိမ်သို့ ပြန်လည်ခေါ်ဆောင် ကာ နေအိမ်အား သော့ခတ်၍ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများ ထပ်မံပြုလုပ်ခဲ့ကြောင်း ဖော်ထုတ် သိရှိခဲ့ရသည်။

မတ် ၁၅ ရက် နံနက် ၁၀နာရီ ခန့်တွင် လှမျိုးအောင်(ခ)ကိုမျိုး (ခ)ဝက်ကြီးနှင့် အောင်သူရဇော် (ခ)ကတုံး (ခ) သူရတို့သည် အိမ်အကူအမျိုးသမီးအား နေအိမ် တွင် ပိတ်လှောင်ထားခဲ့ပြီး အပြစ် မဲ့ပြည်သူ အမျိုးသမီးအား တွံတေး မြို့နယ် ဖျောက်ရိုးကျေးရွာအနီး သို့ မော်တော်ယာဉ်ဖြင့် ခေါ်ဆောင် ၍ လူသွားလူလာနည်းပါးသည့် နေရာတွင် အသင့်ယူဆောင်လာ သော အရိုးအသွား ကိုးလက်မခန့် ရှိ နှစ်ဖက်သွားဓားဖြင့် ငါးချက် ထိုးခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူ အမျိုးသမီးမှာ ဒဏ်ရာဖြင့် ရုန်းကန် နေစဉ် အောင်သူရဇော် (ခ)ကတုံး (ခ)သူရက ယင်းအမျိုးသမီး ဝတ်ဆင်ထားသည့် လော့ကတ်သီး ပါ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ် တစ်ကွင်းတို့ကို ဖြုတ်ယူပြီး ကားအောက်သို့ဆွဲချကာ ဓားဖြင့် နှစ်ချက် ထပ်မံထိုး၍ ရက်စက်စွာ မသေမချင်း သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းနောက် အပြစ်မဲ့ပြည်သူ အမျိုးသမီး၏ အလောင်းအား ချုံပုတ်အတွင်း၌ ပစ်ထားခဲ့ ကြောင်း ဖော်ထုတ်သိရှိရသည်။

**သေဒဏ်ချမှတ်**

အထက်ပါဖြစ်စဉ်နှင့် ပတ်သက် ၍ အပြစ်မဲ့ပြည်သူအမျိုးသမီး တစ်ဦးအား သူလျှို၊ ဒလန်ဟု စွပ်စွဲ ၍ အကြိမ်ကြိမ် ညှဉ်းပန်းနှိပ်စက် ကာ ရက်စက်စွာ သတ်ဖြတ်ခဲ့ သည့် လှမျိုးအောင်(ခ)ကိုမျိုး(ခ) ဝက်ကြီး၊ အောင်သူရဇော်(ခ) ကတုံး(ခ)သူရ၊ တင်ထွန်းအောင် (ခ)မိုးလျှံနှင့် မြင့်မြင့်အေးတို့အား စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ပြစ်မှုထင်ရှား သဖြင့် ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂အရ သေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည့် အပြစ်မဲ့ပြည်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇွန် ၉**

NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးအစွန်းရောက် အယူဝါဒကိုအခြေခံ၍ နေရာအချို့၌ ဗုံးခွဲ တိုက်ခိုက်ခြင်း၊ လက်နက်ဖြင့် ခြိမ်းခြောက်လုယက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိ သည့်အပြင် ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းပီသစွာ ကုသမှုများဆောင်ရွက်ပေးနေသည့် ကျန်းမာရေး ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ NGO ၊ INGO အဖွဲ့အစည်းများ ကိုပါ ခြိမ်းခြောက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်လျက် ရှိကြသည်။

ထိုသို့အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) (မော်လမြိုင် ရုံးခွဲ)မှ ဝန်ထမ်းဖြစ်သူ မွန်ပြည်နယ် မော်လမြိုင် မြို့ ပန်းဘဲတန်းရပ်ကွက်နေ ဦးမျိုးမင်းထွဋ် (၄၉)နှစ်(ဘ)ဦးတင်ထွန်း သည် ဇွန် ၈ ရက် ညနေပိုင်းတွင် ၎င်း၏ရုံးမှ မော်တော်ဆိုင်ကယ်ဖြင့် ပြန်လာစဉ် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် သံလွင်ဥယျာဉ် အနောက် လမ်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းလမ်းဆုံအနီး သို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ် များဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းတွင်လည်ပင်းကျည်ဖောက်ဝင်ဒဏ်ရာ သုံးချက်၊ ဝဲဘက်ညှပ်ရိုးအောက် ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံး ခဲ့ကြောင်းနှင့် အခင်းဖြစ်နေရာမှ ၎င်းစီးနင်းလာသည့် Pxan Ton ဆိုင်ကယ်တစ်စီး၊ Luger ကျည်ခွံသုံးခု၊ SLB ကျည်ခွံ တစ်ခုတို့ကို တွေ့ရှိ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ မွန်ပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ ကျန်းမာရေး



မော်လမြိုင်မြို့ သံလွင်ဥယျာဉ်အနောက်လမ်းပေါ်၌ WHO မော်လမြိုင်ရုံးခွဲမှ ယာဉ်မောင်းအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် WHO ဝန်ထမ်းတစ်ဦးအား အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အကြမ်း ဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မွန်ပြည်နယ်အတွင်း NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ကြံသတ်ဖြတ် မှုကြောင့် သေဆုံးသူ အစိုးရဝန်ထမ်းသုံးဦးနှင့် အရပ်သားပြည်သူ ၈၆ ဦး၊ ဒဏ်ရာရရှိသူ အစိုးရဝန်ထမ်း ၁၂ ဦးနှင့် အရပ်သားပြည်သူ ၁၁၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းတောင်း၌ကျေးလက်ရေရရှိရေး၊ကျေးလက်ကုန်ထုတ်လမ်း တံတားလုပ်ငန်းများနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်း

**ပန်းတောင်း ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကျေးလက်ရေရရှိရေး၊ ကျေးလက် ကုန်ထုတ်လမ်းတံတား လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် TPIC အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများ၊ ကျေးရွာရေရရှိရေးနှင့် ကုန်ထုတ်လမ်းတံတား ကော်မတီဝင် များနှင့် တင်ဒါရကုမ္ပဏီများ မိတ်ဆက်ရှင်းလင်ခြင်းအခမ်းအနားကို ဇွန် ၇ ရက်တွင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးအေးကြိုင် က အမှာစကားပြောကြားသည်။

ပြည်ခရိုင် ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများ မှာ စစ်တဝင်းကျေးရွာ၌ အရှည်ပေ ၆၀၀ ရှိ ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် တမာကုန်းကျေးရွာ၌ အရှည်ပေ ၈၀၀ ရှိ ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း တို့ကို Myanmar Light Year ကုမ္ပဏီကလည်းကောင်း၊ ထန်းပင်ကွင်း ကျေးရွာ၌ အရှည်ပေ ၆၀၀ ရှိ ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေစက်ရုံ၊ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဓနထွန်းပြည့်ကုမ္ပဏီက လည်းကောင်း၊ မြေဝါကုန်းကျေးရွာ၌ အရှည်ပေ ၁၅၀၀ရှိ ပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဂါလန် ၂၄၀၀ဆံ့ စင်မြင့်ရေစင်၊ ဆိုလာရေတင်စနစ် လုပ်ငန်းကို ကျေးလက်ဦးစီးဌာနကလည်းကောင်း တာဝန်ယူဆောင် ရွက်သွားမည်ဖြစ်သည်။

မင်းမြင့်မိုရ်



# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပုသိမ် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ်(၅၄)ရှိ ဧရိယာငါးဧကတွင် ပြုလုပ်သော ဒီရေတောသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

**လှည့်လည်ကြည့်ရှု**

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်ကာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ဖြူးရွှေဝါ၊ သမဲ့ကြီး၊ ကျန၊ ပင်လယ်အုန်း၊ အုန်း စသည့်ပျိုးပင် စုစုပေါင်း ၆၀၅၀ အား စိုက်ပျိုးပေးကာ ဒီရေတောသစ်ပင် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ဖြိုးမွေးကျွန်းပျိုးဥယျာဉ်သို့ရောက်ရှိပြီး ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးစီးဌာနမှူးက ဖြိုးမွေးကျွန်း ပျိုးဥယျာဉ်တွင် ဖြူးရွှေဝါ၊ ကျန၊ သမဲ့၊ ကနစို၊ ရေခရာ၊ မဒမ၊ သမဲ့ကြက်တက်၊ လမု၊ အုန်း စသည့် ပျိုးပင်ပေါင်း ၁၀၁၉၆၁၁ ပင်အားပျိုးထောင်ထားမှုနှင့် ၇၄၃၀၄၀ ပင်အား ဧရိယာ ၆၁၄ ဧကတွင် စိုက်ပျိုးမည့်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ ဒီရေတောထိန်းသိမ်းရေးဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အောင်ဆန်းပြည်သာယာရပ်ကွက် ရန်အောင်မြင်လမ်းနေ နီလာကျော် (၂၇)နှစ်သည် ၎င်းအသုံးပြုသည့် “Ni Lar Kyaw” Facebook အကောင့်သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**✻ ကျောဖုံးမှ**

ဗုံးသီးသုံးလုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်းနှင့် အဆိုပါပေါက်ကွဲမှုကြောင့် ကျောင်းဆောင်အမိုးများ ပေါက်ပြဲပျက်စီးခဲ့ကြောင်းနှင့် ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော စာသင်ကျောင်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

**ပေးပို့ခြိမ်းခြောက်ခဲ့**

ထို့အပြင် ဇွန် ၈ ရက် နံနက် ၈ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ပုလဲကူကျေးရွာနေ အဆိုပါကျေးရွာအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်တံခါးပေါက်အနီးသို့ PDF အမည်ခံအကြမ်းဖက်သမားများက “ကလေးသူငယ်များအား ပညာသင်ကြားမှု မပြုရန်နှင့် သင်ကြားမည်ဆိုပါက ဆရာမကြီးရဲ့ အသက်ကို အာမခံမပေးနိုင်ပါ” ဟူသောစာသားပါ ခြိမ်းခြောက်စာတစ်စောင်ကို 9MM LUGER ကျည်တစ်တောင့်နှင့်အတူ ပေးပို့ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြု၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စက်ဆုပ်ရွံရှာလျက်ရှိပြီး အဖွဲ့အသီးသီးကလည်း ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

ယခုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ကျောင်းအဆောက်အအုံများအား Drone ယာဉ်များဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သူများ၊ ကျောင်းအုပ်ဆရာမကြီး၏ နေအိမ်သို့ ခြိမ်းခြောက်စာပေးပို့ခဲ့သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရွှေဘိုမြို့နယ် တည်သီးတောရွာ စာသင်ကျောင်းသို့ အကြမ်းဖက်များ Drone ဖြင့် ဗုံးချသော နေရာပြပုံ။




သိမ်းဆည်းရရှိသည့် DJI-1313 အမျိုးအစား Drone ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။



Drop ဗုံးတစ်လုံး ကျရောက်သဖြင့် ကျောင်းအဆောက်အအုံ ခေါင်မိုး တစ်ပေ ပတ်လည် ပေါက်ပြဲမှု မှတ်တမ်းဓာတ်ပုံ။



Drop ဗုံးတစ်လုံး ကျရောက်သည့် ကျောင်းအဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။



ရေဖြူမြို့နယ် ပုလဲကူကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးအား PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ချခဲ့သည့် ခြိမ်းခြောက်စာ မှတ်တမ်းဓာတ်ပုံ။

# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

ဆက်လက်၍ **တွဲပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က အဆိုပါယာဉ်များ မြေစိုက်ဘဝရောက်နေသည်မှာ သုံးနှစ်၊ လေးနှစ်ရှိပြီဖြစ်ကြောင်း၊ အမှုမှာ တစ်လတစ်ကြိမ် အမှုပြီးပြတ်ကြောင်း၊ တရားရုံးမှ အမှုပြီးပြတ်သွားပြီး မော်တော်ယာဉ်အစီးရေမည်မျှ၊ ဆိုင်ကယ်အစီးရေမည်မျှ စသည်တို့ကို လေလံပစ်နိုင်လျှင်ပစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် အသုံးပြုနိုင်ကြောင်း၊ လက်ရှိကရင်ပြည်နယ်တွင် လုပ်ထားသည်များရှိကြောင်း၊ ဦးစီးအရာရှိများကို မပေးနိုင်သေးသော်လည်း ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးများကို ထုတ်ပေးထားကြောင်း၊ ထိုသို့လုပ်ခြင်းအားဖြင့် မော်တော်ယာဉ်များ ဆွေးမြည့်ပြီး မြေစိုက်ဘဝရောက်မည်မဟုတ်ကြောင်း ထို့ကြောင့် မိမိပြောသည့် အစီအစဉ်မျိုးဆောင်ရွက်ပေးရန် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သက်ဆိုင်ရာဝန်ကြီးဌာနများကို သတင်းပေးပို့ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

### အချိန်ပိုင်းပေးမည့်စနစ်

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စပယ်ဦး**က လျှပ်စစ်မီးကိစ္စနှင့်ပတ်သက်ပြီး ပြည်သူများ၏အသံကို လာပြီးတင်ပြခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများဖြေကြားသည်ကို ပြည်သူများကြားနိုင်ရန်အတွက် ရည်ရွယ်၍မေးခြင်းဖြစ်ကြောင်း၊ လျှပ်စစ်မီးပေးဝေခြင်းနှင့်ပတ်သက်ပြီး ၃ နာရီလာ ၃ နာရီပျက် ၅၀ ရာခိုင်နှုန်းမီးရရှိသည့်စနစ်ကို မည်သည့်အတွက်ကြောင့် ပြုလုပ်ခဲ့ရသနည်း၊ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် နိုင်ငံတော်အတွက် စွမ်းအင်မည်မျှသက်သာပြီး ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ် မည်မျှလျော့ကျသွားသည်ကို အများပြည်သူသိရှိနားလည်အောင် ဖြေကြားပေးစေလိုကြောင်း၊ နောက်တစ်ချက်က ပေးဝေမှုအပိုင်းတွင် ၄ နာရီလာလျှင် ၄ နာရီပျက်စနစ်တွင် ၄ နာရီကို အောက်ခြေဓာတ်အားခွဲရုံက ပျက်ချိန်ဆိုပြီး ပိတ်လိုက်ကြောင်း၊ နောက်ထပ် ၄ နာရီလာရမည့်အချိန်၌အထက်က ပိတ်ထားကြောင်း၊ ဓာတ်အားခွဲရုံမှာ မီးမရှိဟုဆိုပြီး ထပ်ပိတ်သွားကြောင်း၊ နောက်ထပ် ၄ နာရီကို ဓာတ်အားခွဲရုံက ပျက်ချိန်ဖြစ်သည့်အတွက် ပြန်ပိတ်လိုက်ကြောင်း၊ ထိုသို့ဖြစ်ခြင်းကို ပြည်သူများက လာချိန်လည်းပျက်/ပျက်ချိန်လည်း ပျက်သည်ဟူ၍ ပြောနေကြကြောင်း၊ ထိုအခြေအနေများကို မည်သို့ပြေလည်အောင် ဖြေရှင်းပေးနိုင်၊ မပေးနိုင်သိလိုကြောင်း၊ ယခုကဲ့သို့ အချိန်ပိုင်းပေးမည့်စနစ်က မည်မျှကြာမြင့်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လျှပ်စစ်ဓာတ်အားလိုင်း သုံးစွဲမှုနှင့်ပတ်သက်ပြီး မဂ္ဂါဝပ် ၃၈၀၀ ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုက မဂ္ဂါဝပ် ၂၉၀၀ သာရှိသည့်အတွက် ၉၀၀ မဂ္ဂါဝပ် လျော့နည်းနေကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး လျှပ်စစ်ဓာတ်အားလိုင်း ဖောက်ခွဲခံခဲ့ရသည့်အတွက် အခက်အခဲများရှိခဲ့ကြောင်း၊ LPG ဓာတ်ငွေ့မြင့်တက်မှုကြောင့်အခက်အခဲရှိခဲ့ခြင်း၊ ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း ရှင်းပြပြီးဖြစ်ကြောင်း၊ အကြမ်းအားဖြင့် ၃၈၀၀ မဂ္ဂါဝပ်ရှိသော်လည်း ၂၉၀၀ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်သောကြောင့် ထိုအခက်ခဲများရှိကြောင်း၊ ထိုနေရာမျိုးတွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုကလည်း လျော့နည်းသွားသည့်အတွက် ယခုပိုပြီး လျော့နည်းပြီး ဆောင်ရွက်သွားနိုင်သည့် အခြေအနေမျိုးတွင်ရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်နေသည့် လုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

### အရေးကြီးသည့်နေရာများ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပထမဦးဆုံးပြောလိုကြောင်း၊ ယခုနှစ်ဆိုလျှင် ဗိုလ်ချုပ်ပြောသွားသကဲ့သို့ မီးသုံးစွဲသူပမာဏက ၃၈၀၀ မဂ္ဂါဝပ်ရှိပြီး အမှန်တကယ် စွမ်းအင်ထုတ်လုပ်နိုင်သည်မှာ မဂ္ဂါဝပ် ၂၉၀၀ ခန့်သာရှိပြီး ၉၀၀ ခန့်လျော့နည်းနေကြောင်း၊ လိုအပ်ချက်ကို တစ်ပြိုင်တည်း ထုတ်လုပ်မည်ဆိုလျှင်လည်း လာမည့်နှစ်များတွင် စွမ်းအင်အရင်းအမြစ်ဖြစ်သည့် ရေအား၊ သက်ဆိုင်သည့် အခြားစွမ်းအင်ကဏ္ဍများကို တစ်နှစ်ပတ်လုံးသုံးစွဲ၍ရရန် ချိန်ညှိပြီး ထုတ်လုပ်ရသည့်အနေအထားများရှိကြောင်း၊ နောက်တစ်ချက်သည် ဓာတ်အားထုတ်လုပ်မှုဈေးနှုန်းများ မမြင့်မားစေရန် နိုင်ငံပိုင်စက်ရုံများနှင့် IBP စက်ရုံများကို ဈေးကြီးသည့် ဓာတ်အားပမာဏနှင့် ဈေးနည်းသည့် ဓာတ်အားပမာဏချိန်ညှိ၍ ထုတ်လုပ်ရသည့် အနေအထားရှိကြောင်း၊ သို့သော်လည်း ယခုလ ၂၃ ရက်နေ့နောက်ပိုင်းမှစပြီး အရေးကြီးသည့်နေရာများကို ညနေ ၅ နာရီမှ နံနက် ၈ နာရီအထိ မီးမဖြတ်ဘဲ ဓာတ်အားပေးထားကြောင်း၊ အများပြည်သူကိုလည်း တိုးတက်ပြီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျော့နည်းနေသည့် မဂ္ဂါဝပ် ၉၀၀ ကိုလည်း ဖြည့်ဆည်းနိုင်ရန် နေရောင်ခြည်အရင်းအမြစ်၊ ရေအားအရင်းအမြစ်များမှ တိုးတက်ထုတ်လုပ်နိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်စီးသွားသည့်တာဝါတိုင်များသည် စက်ရုံများမှထုတ်သည့် ဓာတ်အားကွန်ရက်ကြီးများကို ထည့်သည့်လိုင်းများဖြစ်သည့်အတွက် လျော့နည်းမှုများအား Recover ဖြစ်ရန် အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စပယ်ဦး**က လာချိန်လည်းပျက်၊ ပျက်ချိန်လည်းပျက်ဆိုပြီး အောက်ကပိတ်လိုက်၊ အပေါ်က ပိတ်လိုက်ဖြစ်နေသည့်ကိစ္စကို မည်ကဲ့သို့ ညှိနှိုင်းပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က လာချင်လည်းလာ၊ ပျက်ချင်လည်းပျက်ဆိုသည်မှာ လက်ရှိစီမံကွပ်ကဲနေရသည့် အနေအထားတွင်မရှိကြောင်း၊ အောက်ခြေကို သေချာစုံစမ်းကြည့်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုကို ဓာတ်အားတိုးတက်ရရှိစေရန် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်နေကြောင်း ပြန်လည်ဖြေကြားသည်။

### ပထမဦးဆုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲ

**ရွှေတြိဂံသတင်းလွှာဂျာနယ်မှ CEO ဦးထွန်းထွန်းဝင်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ပထမဦးဆုံးငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် EAOs များ တက်ရောက်လက်မှတ်ထိုးခြင်းများကို တွေ့ရကြောင်း၊ နယ်ပယ်အသီးသီးကလည်း ယေဘုယျအားဖြင့် အထိုက်အလျောက်အောင်မြင်သည်ဟု ဝေဖန်သုံးသပ်ခြင်းများကိုတွေ့ရကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ငြိမ်းချမ်းရေးရရှိရန် ကျန်ရှိနေသေးသည့် EAOs များကိုလည်း ထပ်မံဖိတ်ခေါ်၍ ဆွေးနွေးရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း၊ ဗိုလ်ချုပ် ရှင်းလင်းပြောကြားသွားသည့်အထဲတွင် "ဖိတ်ကြားသည့်အတိုင်းလာမည်ဆိုပါက Welcome ပါ" ဟူ၍ လေးကြိမ်ထက်မနည်း ပြောကြားခဲ့ကြောင်း၊ ၂၁ ရာစုပင်လုံညီလာခံ အတွေ့အကြုံကိုပြောရလျှင် အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ အကူအညီကိုယူကြကြောင်း၊ ဥပမာ – မြောက်ပိုင်းမဟာမိတ်အဖွဲ့များ ပင်လုံညီလာခံတက်ရန် တရုတ်မှ အထူးလေယာဉ်ဖြင့် လာရောက်ခဲ့ကြကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အကူအညီကိုရယူပြီး ချဉ်းကပ်၍ ဒုတိယ၊ တတိယအကြိမ် ထပ်မံဖိတ်ခေါ်ရန် စီစဉ်ထားခြင်း ရှိ/မရှိကို သိလိုကြောင်း၊ နောက်မေးခွန်းတစ်ခုအနေဖြင့် အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရန်ရှိကြောင်း၊ ယခင်ကိုယ်စားလှယ်များလာစဉ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ရန် ကြိုးစားခဲ့ရာ အမှုများမပြီးပြတ်သေး၍ တွေ့ရန်ခွင့်မပြုကြောင်း၊ မကြာမီ လာမည့် အာဆီယံအထူးကိုယ်စားလှယ်ကိုလည်း အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ပေးမည့် အစီအစဉ် ရှိ/မရှိ မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က EAOs များနှင့် ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို မိမိတို့အနေဖြင့် ၂၀၂၂ ခုနှစ်အကုန်အထိ တစ်နှစ်တာကာလ သတ်မှတ်ထားကြောင်း၊ ကြေညာချက်ထဲတွင်လည်း ပါပြီးဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဟွန်ဆန်၏ ခရီးစဉ်အပြီးတွင် ထုတ်ပြန်ပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ထိုထုတ်ပေးလိုက်သည့်အထဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲသည်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ဆောင်သွားရန်ဆိုသည့် တိုက်တွန်းချက်ပါပြီးဖြစ်ကြောင်း၊ ယခုမှ ထူးပြီးဖိတ်ခေါ်ခြင်းမဟုတ်ကြောင်း၊ နှစ်ပတ်လည် ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း၊ ထိုသို့ဖိတ်ခေါ်ထားသည့်အတိုင်းလာလျှင် မိမိတို့က ကြိုဆိုပါကြောင်း၊ နောက်ထပ် တစ်ခုမှာ အိမ်နီးချင်းအကူအညီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အခက်အခဲမှာ နှစ်မျိုးရှိကြောင်း၊ Internal Factor မှာ မသိချင်ယောင်ဆောင်ခြင်းနှင့် မကြားချင်ယောင်ဆောင်ခြင်းဖြစ်ကြောင်း၊ External Factor တွင် သတင်းထောက်ကြီးပြောနေသည့် ပြည်ပနိုင်ငံများဆိုသည့် အသုံးအနှုန်းပါကြောင်း၊ အဖွဲ့အစည်းများဆိုသည့် အသုံးအနှုန်းပါကြောင်း၊ External Factor မှာ မည်သည့်အခက်အခဲရှိလဲဆိုလျှင် တချို့သော ပြင်ပအဖွဲ့အစည်းများသည် ရိုးရိုးတန်းတန်းပြောရလျှင် အသိအမှတ်မပြုခြင်းဆိုသည့် ပုံစံမျိုးဖြစ်ကြောင်း၊ အသိအမှတ်မပြုခြင်းဆိုသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းကို လက်ရှိအစိုးရအနေဖြင့် ဆောင်ရွက်နေသည့်အချိန်တွင် ၎င်းတို့အနေဖြင့် လာရောက်ကူညီလိုက်မည်ဆိုလျှင် အလိုအလျောက် ထောက်ခံပြီးသားဖြစ်မည်လားဆိုသည့် အကြောင်းအရာမျိုး External Factor မှာ မိမိတို့ကြုံတွေ့ရပါကြောင်း၊ ထိုအကြောင်းအရာသည် ရိုးရိုးတန်းတန်းကြုံတွေ့ခဲ့ရခြင်းသာဖြစ်ကြောင်း။

### ယခုဝင်လာသည့်အဖွဲ့ ၁၀ ဖွဲ့

အချို့ကြုံတွေ့ရသည်မှာ အကြမ်းဖက်ဆူပူမှုများဖြစ်ရန် တမင်သက်သက်ဆွနေခြင်းဖြစ်ကြောင်း၊ ဥပမာ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့လုပ်ဆောင်နေသည်ကို သတင်းထောက်ကြီးတို့တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နေချိန်တွင် မြန်မာပြည်သူလူထုအတွက်ဟု ပြည်သူလူထုဆိုသည့်နာမည်ခံပြီး ထိုအကြမ်းဖက် PDF များကို ထောက်ပံ့ပေးကြောင်း၊ မြန်မာပြည်သူလူထုအတွက်ဟူ၍ နာမည်ခံပြီး ပြည်ပမှာရှိနေသည့်ကိစ္စများကနေ အလှူငွေများကောက်ခံပေးပို့ခြင်း၊ ဒေါ်လာမည်မျှထောက်ပံ့မည်ဆိုပြီး ပေးပို့ခြင်း၊ မည်မျှကူညီမည်ဆိုပြီး ပေးပို့ခြင်းဆိုပြီး ထောက်ပံ့မှုများမှာ ကျောင်းများကို မိုင်းခွဲသူများ၊ ဆရာ ဆရာမများကို သတ်သည့်သူများ၊ ကျောင်းသားများကို ကျောင်းမနေနိုင်အောင်လုပ်သည့်သူများ၊ ပြဋ္ဌာန်းစာအုပ်ကို မီးရှို့၊ လုယက်နေသည့်သူများထံသို့ရောက်ကြောင်း၊ ထိုကဲ့သို့ ၎င်းတို့က ထောက်ပံ့ပေးနေသည့်အတွက်ကြောင့် တချို့သော EAO ခေါင်းဆောင်များအထိ မဟုတ်ဘဲ EAO တပ်ရင်း၊ တပ်ဖွဲ့အဆင့်လောက်အထိကိုသာ ငွေပေး၍ လုပ်နေသည်များရှိကြောင်း၊ စာမျက်နှာ ၁၈ သို့ ☆



၂၁-၅-၂၀၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမအား အကြမ်းဖက်သမားများမှ ရီမုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲမှု

ယခုလ ၂၃ ရက်နေ့နောက်ပိုင်းမှစပြီး အရေးကြီးသည့်နေရာများကို ညနေ ၅ နာရီမှ နံနက် ၈ နာရီအထိ မီးမဖြတ်ဘဲ ဓာတ်အားပေးထားကြောင်း၊ အများပြည်သူကိုလည်း တိုးတက်ပြီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျော့နည်းနေသည့် မဂ္ဂါဝပ် ၉၀၀ ကိုလည်း ဖြည့်ဆည်းနိုင်ရန် နေရောင်ခြည်အရင်းအမြစ်၊ ရေအားအရင်းအမြစ်များမှ တိုးတက်ထုတ်လုပ်နိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်စီးသွားသည့်တာဝါတိုင်များသည် စက်ရုံများမှထုတ်သည့် ဓာတ်အားကွန်ရက်ကြီးများကို ထည့်သည့်လိုင်းများဖြစ်သည့်အတွက် လျော့နည်းမှုများအား Recover ဖြစ်ရန် အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၇၅ | ၂၃၀၀ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၇၀ | ၂၇၆၀ |
| 95 Ron | ၂၃၂၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၄၅ | ၂၄၆၀ | ၂၃၅၅ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၅ | ၂၆၂၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၀ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၂၉၈၅ |
| HSD (10 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၁ | ၂၂၃၈ |
| 95 Ron | ၂၂၁၂ | ၂၂၉၀ |
| HSD (500 ppm) | ၂၄၂၈ | ၂၅၀၆ |
| HSD (50 ppm) | ၂၄၅၆ | ၂၅၃၄ |
| HSD (10 ppm) | ၂၄၅၆ | ၂၅၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ **စာမျက်နှာ ၁၇ မှ**

ထိုကိစ္စများသည်လည်း External Factor ပင်ဖြစ်ကြောင်း၊ သို့သော် ယခုဝင်လာသည့်အဖွဲ့ ၁၀ ဖွဲ့နှင့် မိမိတို့ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထို ၁၀ ဖွဲ့သည် နိုင်ငံတော်နှင့် ၎င်းတို့၏ တိုင်းရင်းသားပြည်သူ့အကျိုး၊ ပြည်ထောင်စုအကျိုးကို ကြည့်သည့်သူများဖြစ်၍ ဆွေးနွေးကြခြင်းဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများ၊ ထိုလူများသည်လည်း မိမိပြောခဲ့သည့် External Factor၊ Internal Factor များက ဆွဲဆောင်စည်းရုံးမှုမျိုးစုံ ပြုလုပ်ခြင်းများခံခဲ့ရပါကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် တကယ့်ကို ပြည်ထောင်စုအကျိုးနှင့် ၎င်းတို့၏ တိုင်းရင်းသားလူမျိုး၏ အကျိုးကို ကြည့်သောကြောင့် လာရောက်ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်၍ ဆက်ဆံရေးကို မိမိတို့ အထူးအလေးထားပါကြောင်း၊ ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးကို လိုလားသည့် မည်သည့်နိုင်ငံ၏ စစ်မှန်သည့် လုပ်ဆောင်ချက်ကိုမဆို မိမိတို့ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်ကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ယခင်ရပ်တည်ချက်အတိုင်းသာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတစ်နိုင်ငံတည်း ထူးဆန်းပြီး လုပ်နေခြင်း မဟုတ်ကြောင်း၊ မည်သည့်နိုင်ငံကမှ အမှုရင်ဆိုင်နေဆဲသူများနှင့် တွေ့ဆုံခွင့်ပေးခဲ့သည်ကို မိမိလည်းမမြင်ဖူးပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကိုပြောနေသည့် အာဆီယံနိုင်ငံများမှ တချို့နိုင်ငံများကို မိမိထောက်ပြရမည်ဆိုလျှင် ထိုနိုင်ငံများတွင်လည်း နိုင်ငံရေးအမှု၊ အဂတိအမှုများနှင့် တရားစွဲဆိုခံရသည့်၊ ထောင်ချခံရသည့် အမှုအရ အရေးယူခံရသည့် နိုင်ငံခေါင်းဆောင်များရှိကြောင်း၊ နိုင်ငံထဲမှ ထွက်ပြေးသွားသည့် ခေါင်းဆောင်များရှိကြောင်း၊ ထိုနိုင်ငံများမှာ ၎င်းတို့ကိုအရေးယူသည့်အခါတွင် မည်သူ့ကို တွေ့ခွင့်ပေးခဲ့သလဲဟု မိမိမေးလိုကြောင်း၊ တွေ့ခွင့်ပေးခဲ့သည့် အထောက်အထားရှိခဲ့လျှင် မိမိကို ပြောပါ၊ ပြပါဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **ရွှေတြိဂံသတင်းလွှာဂျာနယ်မှ CEO ဦးထွန်းထွန်းဝင်း**က ယခုအစိုးရလက်ထက်တစ်နှစ်ကျော်ကာလအတွင်း ယခင် NLD အစိုးရ၏ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုများကို အဂတိလိုက်စားမှုကော်မရှင်က တရားစွဲဆိုနေသည်ကိုတွေ့ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ကြိုဆိုသည့်အဖွဲ့များရှိသကဲ့သို့ အတိုက်အခံအဖွဲ့များကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို နိုင်ငံရေးအရခုတုံးလုပ်၍ တရားစွဲနေသည်ဆိုသည့် ပုံစံမျိုးများ ပြောနေသည်များကိုလည်း မိမိတို့တွေ့ရကြောင်း၊ အဂတိလိုက်စားမှုဆိုသည်မှာ အစိုးရအဆက်ဆက်မည်သည့်နေရာတွင်မဆို ရှိနေမည်ဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း အဂတိလိုက်စားမှုများရှိနေကြောင်း၊ ဥပမာ ဆောက်လုပ်ရေးတင်ဒါလောကတွင် ဝန်ထမ်းအကြီးအကဲများကိုယ်တိုင် အဂတိလိုက်စားနေသည်များ မိမိတို့တွေ့နေရကြောင်း၊ ထို့ကြောင့် နစ်နာသည့်ပြည်သူများကတိုင်ကြားလျှင်သော်လည်းကောင်း၊ မိမိတို့သတင်းမီဒီယာများက စုံစမ်းဖော်ထုတ်ရေးသား၍သော်လည်းကောင်း ထိုအခြေအနေမျိုးတွင် အဂတိတိုက်ဖျက်မှုကော်မရှင်ကသော်လည်းကောင်း၊ အစိုးရကသော်လည်းကောင်း တရားစွဲဆိုအရေးယူရန် ရှိ/မရှိ သိလိုကြောင်းမေးမြန်းသည်။

### လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မည်သည့်အစိုးရတက်တက် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများရှိပြီး ဖြစ်ပါကြောင်း၊ ကော်မတီများ၊ ကော်မရှင်များတွင် ၎င်းတို့လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများရှိပြီးဖြစ်ကြောင်း၊ မချိုးဖောက်ခဲ့ဘူးဆိုလျှင် မည်သည့်အစိုးရအဖွဲ့အစည်းဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်စေ အရေးယူစရာအကြောင်း မရှိပါကြောင်း၊ ထို့ကြောင့် NLD လက်ထက်တွင်တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးများ၊ ဒုဝန်ကြီးများ အများကြီးရှိကြောင်း၊ အရေးယူခံရသည့် ဝန်ကြီးအရေအတွက်၊ ဒုဝန်ကြီးအရေအတွက်နှင့် မည်သည့် အသံမျှမကြားရသည့် ဝန်ကြီးအရေအတွက်၊ ဒုဝန်ကြီးအရေအတွက် သတင်းထောက်ကြီးကိုယ်တိုင် မည်မျှရှိသည်ကို နှိုင်းယှဉ်ကြည့်စေလိုကြောင်း၊ သေချာသည်မှာ မည်သည့်အရာမျှ မလုပ်ခဲ့သည့်သူကို မည်သည့်အရာကမှ အရေးယူ၍မရပါကြောင်း၊ လူတစ်ယောက်သည် အပြစ်မရှိဘဲ အရေးယူခံသည်ဆိုသည်မှာ တော်တော်လေးကို ခဲယဉ်းပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း မည်သည့်အစိုးရ၊ မည်သည့်အဖွဲ့အစည်းကိုမျှ ၎င်းက လုပ်မည်မဟုတ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည်လည်း ၎င်းကို တိုင်ကြားလာသည့်လုပ်ငန်းမှန်သမျှ၊ စစ်ဆေးလာသည့်လုပ်ငန်းမှန်သမျှကို အရေးယူဆောင်ရွက်နေသည်များရှိကြောင်း၊ ယခုအချိန်တွင်လည်း တိုင်ကြားနေသည်များလည်းရှိကြောင်း၊ မိမိတို့ အရေးယူဆောင်ရွက်နေပါကြောင်း။

အချို့ကိစ္စများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုယ်တိုင်က လုပ်နေသည်များရှိပါကြောင်း၊ ဥပမာ ရန်ကုန်၌ဖြစ်ခဲ့သည့် ကိစ္စမျိုးဆိုလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ယခုအချိန်အထိ စစ်ဆေးနေဆဲဖြစ်ပါကြောင်း၊ အရေးယူရန်အတွက်လည်း စတင်ဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မီဒီယာများကရေးမည်ဆိုလျှင်လည်း ကျော်ဇောမှုသတင်းအနေဖြင့်သာ ယူဆမည်ဖြစ်ပါကြောင်း၊ အထောက်အထားနှင့် တိုင်လာမည်ဆိုလျှင် မိမိတို့အရေးယူရမည်ဖြစ်ပါကြောင်း၊ သတင်းရေးရုံနှင့် ကျော်ဇောမှုသတင်းသာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ကျော်ဇောမှုရှိတိုင်းလည်း မိမိတို့က လက်တွေ့တရားဥပဒေအရ အရေးယူ၍မရပါကြောင်း၊ ကျော်ဇောမှုရှိရုံနှင့် စုံစမ်းခံရသည့် အခြေအနေလောက်သာဖြစ်မည်ဖြစ်ကြောင်း၊ မီဒီယာများက ထုတ်ဖော်ရေးသားတိုင်းလည်း တရားဥပဒေအရ သက်သေခံမှာ အကျုံးမဝင်ပါကြောင်း၊ သို့သော် ကျော်ဇော်မှုတော့ရှိမည်ကြောင်း ပြန်လည်ဖြေကြားသည်။

နောက်တစ်ခုမှာ ယခုနောက်ဆုံးရောက်ရှိလာသည့် သတင်းဖြစ်ကြောင်း၊ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထားလမ်း (၃၅)ကားလမ်းမှတ်တိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပြီး တစ်ဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ တော်တော်လေးဆိုးကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ယနေ့တွင် ဗုံးဖောက်ခွဲသူကို ဖော်ထုတ်ရရှိပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် သေဆုံးသူနှင့်ပတ်သက်ပြီး အမည်မသိ အသက် (၃၂) နှစ်ခန့် သေဆုံးသည်ဟူ၍ ထုတ်ပြန်ခဲ့ကြောင်း၊ ထိုသူ ကားမှတ်တိုင်သို့ ဝင်လာသည့် မှတ်တမ်းဓာတ်ပုံများ ပေးလိုက်မည်ဖြစ်ပါကြောင်း၊ ၎င်းထံတွင် အိတ်တစ်လုံးပါလာပြီး ထိုအိတ်ထဲတွင် ဗုံးထည့်လာခြင်းဖြစ်ကြောင်း၊ ၎င်းသည်အင်္ကျီအနက်ဝတ်ထားပြီး ပုဆိုးဝတ်လာသည့် ပုံစံမျိုးဖြစ်ကာ လက်ကိုင်အိတ်ကိုင်လာကြောင်း၊ ထိုအထဲမှ ဗုံးဖောက်ခွဲခဲ့သည့်သဘောရှိကြောင်း၊ ၎င်းကျန်ခဲ့သည့်ဖုန်းကို မိမိတို့စစ်ဆေးပါကြောင်း၊ စစ်ဆေးသည့်အခါ ၎င်းကိုယ်တိုင်လည်း PDF အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သည့် PDF ဖြစ်ပြီး ၎င်းကိုခိုင်းထားသည့် အကြောင်းအရာများလည်းတွေ့ရကြောင်း၊ အမည်မှာ အောင်ကြီး(ခ) ထိန်လင်းထွန်း (၂၆) နှစ် (အဘ) ဦးတင်ထွန်း၊ ကျောက်တံတားမြို့နယ် ကွန်ပျူတာဆိုင်(စိစစ်ဆဲ)၊ အလုပ်သမားဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး နီးစပ်ရာကိုလည်း မိမိတို့အတည်ပြုပြီးဖြစ်ကြောင်း၊ ထိုသတင်းထွက်လာပြီး နောက်ပိုင်းတွင် ပြည်ဖျက်မီဒီယာတစ်ခုက လူစည်ကားသည့်နေရာ၌ ဗုံးပေါက်ကွဲခြင်းဖြစ်သောကြောင့် စစ်တပ်ကလုပ်သည်ဟု ရေးသားထားကြောင်း၊ ပြီးလျှင် မီဒီယာများကို CCTV မှတ်တမ်းပြမည်ဖြစ်ကြောင်း၊ ၎င်း၏ဖုန်းအဆက်အသွယ်ထဲရှိ ၎င်းချိတ်ဆက်ထားသည်များကို မိမိတို့ ပြောလိုက်မည်ဖြစ်ကြောင်း၊ ပေါက်ကွဲသည့်အထဲတွင် ဖုန်းမပါသွားသော်လည်း ဖုန်းမှန်မှာအတော်ပင် အက်ကွဲနေပြီဖြစ်ကြောင်း၊ တော်တော်လေးဖော်ထုတ်ယူရကြောင်း၊ သို့မဟုတ်လျှင် မိမိတို့ကသေသွားသည့်သူကို စွပ်စွဲသည်ဆိုသည်မျိုးဖြစ်နေဦးမည်ဖြစ်ကြောင်း ပြောကြား၍ CCTV ကိုပြသသည်။

ယင်းမှာ CCTV မြင်ကွင်းတစ်ခုကသာ ပြထားခြင်းဖြစ်ကြောင်း၊ အခြားမြင်ကွင်းများကို မိမိတို့အနေဖြင့် လုံခြုံရေးအရ မပြသနိုင်သော်လည်း ပုံများကို ဖြန့်ဝေပေးလိုက်မည်ဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထု၊ လူစည်ကားရာနေရာ၊ ဘာသာရေးအဆောက်အအုံဟူ၍ ရှောင်နေမည်မဟုတ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မိမိဒေသ၊ ရပ်ရွာလုံခြုံရေးအတွက် ပြည်သူလူထုကလည်း လုံခြုံရေးအဖွဲ့များနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**




# ဆာဒီယိုမာနေးအား ဘိုင်ယန်မြူးနစ်ရဲ့ ကမ်းလှမ်းချက် လီဗာပူးငြင်းပယ်

လီဗာပူးအသင်းဟာ ဆီနီဂေါအသင်းတိုက်စစ်မှူး ဆာဒီယိုမာနေးကို ဘိုင်ယန်မြူးနစ်အသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ နဲ့ ခေါ်ယူမယ့် ကမ်းလှမ်းချက်ကို ငြင်းဆိုလိုက်တယ်လို့ သိရပါတယ်။

လီဗာပူးအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၃၃ နှစ်အရွယ်ရှိ ပိုလန်တိုက်စစ်မှူး ရောဘတ်လီဝန်ဒိုစကီးရဲ့ တန်ဖိုးအတိုင်းလိုချင်နေတာဖြစ်ပြီး လီဝန်ဒိုစကီးရဲ့ တန်ဖိုးကို ဘိုင်ယန်မြူးနစ်အသင်းက ပေါင် ၄၂ ဒသမ ၈ သန်းသတ်မှတ်ထားတာဖြစ်ပါတယ်။

ဆာဒီယိုမာနေးနဲ့ ရောဘတ်လီဝန်ဒိုစကီးတို့ဟာ လက်ရှိမှာ ကလပ်အသင်းအသီးသီးမှာ စာချုပ်သက်တမ်းတစ်နှစ်စီကျန်ရှိနေတာလည်းဖြစ်ပါတယ်။

ပိုလန်တိုက်စစ်မှူး ရောဘတ်လီဝန်ဒိုစကီးဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ ဆယ်စုနှစ်တစ်ခုကြာ ဖြတ်သန်းခဲ့ပြီးဖြစ်တာကြောင့် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဆာဒီယိုမာနေးဟာ ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ဆောက်သမ်တန်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၃၆ သန်းနဲ့ လီဗာပူးအသင်းဆီ ရောက်ရှိလာခဲ့တာဖြစ်ပြီး အဲဒီအချိန်မှစတင်ကာ လက်ရှိအချိန်အထိ လီဗာပူးအသင်းအတွက် သွင်းဂိုး ၁၂၀ အထိသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဆီနီဂေါတိုက်စစ်မှူး ဆာဒီယိုမာနေးဟာ လီဗာပူးအသင်းနဲ့အတူ ၂၀၁၉ ခုနှစ်အတွင်းက ချန်ပီယံလိဂ်ဖလားနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ပရီမီယာလိဂ်ဖလားတို့ကို ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဆာဒီယိုမာနေးဟာ ၂၀၁၈ ခုနှစ်အတွင်းက လီဗာပူးအသင်းနဲ့အတူ စာချုပ်သစ်ချုပ်ဆိုခဲ့ပြီး လက်ရှိစာချုပ်သက်တမ်းဟာ လာမယ့်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်တယ်လို့ သိရပါတယ်။

# ဘန်လေအသင်းက ကွန်ပနီကို နည်းပြအဖြစ်ခန့်အပ်တော့မည်




ဘန်လေအသင်းဟာ မန်စီးတီးအသင်းရဲ့ နောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ကွန်ပနီကို အသင်းနည်းပြအဖြစ် လာမယ့်သီတင်းပတ်အတွင်းမှာ ခန့်အပ်သွားဖို့ မျှော်လင့်ထားပါတယ်။ ဒါကြောင့် ကရေ့ဘယ်လာမီကလည်း ကွန်ပနီရဲ့ လက်ထောက်နည်းပြဖြစ်လာဖို့ ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ ကွန်ပနီကို နည်းပြဆီယန်ဒိုက်ချ်ရဲ့ နေရာမှာ အစားထိုးဖို့ ဘန်လေအသင်းက စီစဉ်ခဲ့တာလည်းဖြစ်ပါတယ်။ ဘန်လေအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ခြောက်နှစ်ကြာ ကစားခဲ့ပြီးနောက် ယခုဘောလုံးရာသီကုန်မှာတော့ ချန်ပီယံရှစ်ပြိုင်ပွဲကို တန်းဆင်းခဲ့ရတဲ့အသင်း လည်းဖြစ်ပါတယ်။

# ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှ အင်္ဂလန်ကစားသမား ၁၆ ဦးအထိ ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် လွဲချော်မည်

ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့ ကစားသမားတွေထဲကနေ ကစားသမား ၁၆ ဦးအထိ ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ လွဲချော်ရတော့မှာဖြစ်ပါတယ်။



အင်္ဂလန်အသင်းဟာ ရုရှားကမ္ဘာ့ဖလားမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ပြီး ရုရှားကမ္ဘာ့ဖလားမှာ ပါဝင်ကစားခဲ့တဲ့ အင်္ဂလန်ကစားသမားတွေထဲက ကိုးဦးသာလျှင် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ ပြန်လည်ပါဝင်လာမှာဖြစ်ပါတယ်။

အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ဟာ အသက်ကြီးတဲ့ကစားသမားတွေနဲ့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ကစားသမားတွေကို ချန်ထားခဲ့ပြီး ကာတာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဖီးလ်ဖိုဒန်၊ ဘူကာယိုဆာကာနဲ့ မာဆင်မောင့်တို့ကဲ့သို့သော လူငယ်ခြေတက်ကစားသမားတွေကို ဦးစားပေးရွေးချယ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ယခုနှစ်အတွင်း မေဝယ်သာနှင့် မကျေပွဲပြန်လည်ထိုးသတ်ဖို့ ပက်ကွီယို ဆန္ဒရှိနေ




၂၀၁၅ ခုနှစ်အတွင်းက မေဝယ်သာနဲ့ ပက်ကွီယိုတို့ယှဉ်ပြိုင်ထိုးသတ်စဉ်။

ဖိလစ်ပိုင် လက်ဝှေ့ကျော် ပက်ကွီယိုဟာ ယခုနှစ်အတွင်းမှာ အမေရိကန်လက်ဝှေ့သမား ဖလွိုက်မေဝယ်သာနဲ့ မကျေပွဲပြန်လည်ထိုးသတ်သွားဖို့ ဆန္ဒရှိနေတယ်လို့ ပက်ကွီယိုရဲ့ မန်နေဂျာဖြစ်သူ ဆီယန်ဂစ်ဘွန်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ပက်ကွီယိုနဲ့ မေဝယ်သာတို့ ၂၀၁၅ ခုနှစ်အတွင်းက လက်ဗီးဂတ်စ်ရှိ MGM Grand လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ချိန်ကတော့ မေဝယ်သာက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ မေဝယ်သာဟာ ၂၀၁၇ ခုနှစ်အတွင်းက အိုင်ယာလန် MMA အားကစားသမား ကော်နာမက်ဂရီဂျာကို အနိုင်ရရှိခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝကနေ အနားယူသွားခဲ့တာဖြစ်ပါတယ်။

အဲဒီလို မေဝယ်သာ လက်ဝှေ့လောကနေ အနားယူသွားပြီဖြစ်ပေမယ့် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယိုကတော့ မေဝယ်သာနဲ့အတူ ကြိုးဝိုင်းထဲပြန်လည်ဝင်ရောက်လာဖို့ စိတ်အားထက်သန်နေတာဖြစ်ပါတယ်။

# ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး စတုဂတ်အိုးပင်း ကွာတားဖိုင်နယ်တက်လှမ်း

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ၁၆ ဦးအဆင့် ပြိုင်ပွဲမှာ ကာဇက်စတန်တင်းနစ်ကစားသမား အလက်ဇန္ဒား ဘက်လစ်အား အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ် အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အန်ဒီမာရေးဟာ ကာဇက်စတန် တင်းနစ်ကစားသမား အလက်ဇန္ဒား ဘက်လစ်ကို ၆-၃၊ ၇-၆ (၇-၄)ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး စတုဂတ်အိုးပင်း အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်မှာ ဆစ်ဆီပက်(သို့မဟုတ်) ဆွစ်ဇာလန်တင်းနစ်ကစားသမား ဒိုမီးနစ်စထရစ်ကာနှင့် ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ဂရန်းဆလမ်း ချန်ပီယံဆုဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးထားတဲ့ ဗြိတိန်တင်းနစ် အကျော်အမော် အန်ဒီမာရေးဟာ ဇွန် ၂၇ ရက်မှာ ကျင်းပမယ့် ဝင်ဘယ်တန်တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ကစားမှာဖြစ်ပြီး လက်ရှိအချိန်မှာ မြက်ခင်းပြင်တင်းနစ် ပြိုင်ပွဲအများစုမှာပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိနေတာဖြစ်ပါတယ်။



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၈-၆-၂၀၂၂ ရက်နေ့မှအဆက်**

သို့ပေမဲ့ ပူစူးမအတွက် ကိုးနှစ်အရွယ်မှသည် အသက်ကြီးပြင်းလာသည်အထိ နှလုံးသား၌ ဖျက်၍မရသော အမှတ်ကြီးတစ်ခုသဖွယ် အိပ်ရာဝင်လေတိုင်း ဘုရားသခင်ထံ မိမိအားခွင့်လွှတ်ပါဟု ထာဝရတောင်းပန်ရလောက်အောင် စိတ်ထိခိုက်ဖွယ်ဖြစ်ရပ်သည် ထိုညက ဖြစ်ပျက်ခဲ့သည်။

ပူစူးမတို့ အိမ်သို့ပြန်ရောက်သောအခါ မိုးရွာဆဲပင် ရှိသေးသည်။ လေသည် ပြင်းထန်စွာ တိုက်ခက်ဆဲရှိသေးသည်။

အိမ်၌ ပူစူးမ၏လေးလေး မရှိတော့။ ကိုမောင်မောင်ဦးကို မမြင်တွေ့ကြရတော့။ အိမ်နီးနားချင်းတို့၏ ပြောစကားအရ၊ ထမင်းချက်မိန်းမ၏ဆိုစကားအရ သူသည် မိုးရွာထဲသို့ အဆောင်းအကာမပါဘဲ ထွက်သွားသည်ဟု ဆိုသည်။ သူ ရယ်လို့ မသေချာဘဲ ဝိုးတဝါးအနေအထားဖြင့် ထွက်သွားသည်ကို တွေ့လိုက်ကြရသည်။

ပူစူးမှာ မိမိကြောင့် သည်သို့ဖြစ်ရသည်ထင်ကာ ကြီးပြင်းလာသည့်အထိ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ရှိခဲ့သည်။ ထိုနေ့က အဖြစ်အပျက်များကို လွမ်းလွမ်းဆွတ်ဆွတ်ကြီး အမှတ်ရနေမိတတ်သည်။

အစကတော့ သူသည် အခါတိုင်းက လိုပင် အသိမပေးဘဲ၊ နှုတ်မဆက်ဘဲ ထွက်ခွာသွားကာ တစ်နေ့တွင် မမျှော်လင့်ဘဲ၊ မထင်မှတ်ဘဲ ပြန်လာလိမ့်မည်ဟု အားလုံးက ယုံကြည်မိခဲ့ကြသည်။ ထိုသို့ဖြစ်စေရန်လည်း အားလုံးက ဆုတောင်းမိကြသည်။

သို့တစေ။

ကလေးတို့၏လေးလေး သို့မဟုတ် ဂျော့တို့၊ မောဘယ်တို့၏ ကိုမောင်မောင်ဦးသည် ထိုနေ့ကစ၍ သူတို့၏ထံပါးမှ ထာဝရပျောက်ဆုံးသွားခဲ့လေသည်။

x x x x x

[ ၅ ]

ပုရွက်အုံကို တုတ်နှင့်ဆွလိုက်သည့်ပမာဖြစ်သည်။ ရုပ်ရှင်ပြီးသည်နှင့် တစ်ပြိုင်နက် လူတို့သည် ရုံအတွင်းမှ လမ်းမပေါ်သို့ ဝေါခနဲ လျှံကျလာသည်။ ပလက်ဖောင်းပေါ်တွင် အတိုးတိုး အဝှေ့ဝှေ့ ဖြစ်နေကြသည်။

ရုပ်ရှင်ကားကလည်း နာမည်ကြီးကား။ နိုင်ငံခြားရုပ်ရှင်ကား၊ အပစ်အခတ်၊ အထိုးအကြိတ်၊ အနမ်းအရှုပ်တို့ဖြင့် ပြည့်နှက်နေသောကား။ သို့မို့ကြောင့်လည်း သည်ရုပ်ရှင်ကားပြသရာ ရုပ်ရှင်ရုံမှာ အခြားရုပ်ရှင်ရုံများထက် လူစည်ကားသည်။




မျိုးထွန်းသိန်းသည် ရုံပေါက်ဝ၌ စုပြုံတိုးဝှေ့နေသောလူအကြား၌ပါလာသည်။ လေအေးစက်ကြောင့် ရုံအတွင်းမှာ သက်သောင့်သက်သာ ရှိခဲ့သည်။ အပြင်သို့ ထွက်ခဲ့ရပြီဆိုသောအခါ ပြင်ပလေပူပူသည် မခံမရပ်နိုင်စရာကောင်းလောက်အောင် ဆီးကြိုနှုတ်ဆက်သည်။ လူနံ့၊ ချွေးနံ့များဖြင့် ငြီးစီလာသည်။ သူသည် အပြင်သို့ လုံးလုံးလျားလျား ရောက်ရှိရန် စိတ်စောနေမိသည်။

ယင်းအခိုက်မှာပင် နောက်ကျောဆီမှ အသံတစ်သံ ကြားရသည်။

"ကိုမျိုး၊ ဟေ .. ကိုမျိုး"

နောက်သို့လှည့်မကြည့်ဘဲ အသံရှင်မှာ မည်သူမည်ဝါဟု သိသည်။ နန်းကိန္နရီ၏အသံဖြစ်ကြောင်း မှတ်မိသည်။

နောက်သို့ လှည့်ကြည့်လိုက်သည်။ များပြားလှသော လူအုပ်ကြောင့် နန်းကိန္နရီကို ရုတ်တရက်မတွေ့ရ။

"ဟေး၊ ကိုမျိုး"

အသံထွက်လာပြန်သည်။ သည်တစ်ခါတွင် မျှော်လင့်ထားသည့်အတိုင်း နန်းကိန္နရီကို လှေကားထိပ်မှာ တွေ့ရပါသည်။ စင်စစ် နန်းကိန္နရီနှင့်သူတို့ များစွာ ကွာဝေးလှသည်မဟုတ်။ သို့ပေမဲ့ လူသူကျပ်ညပ်နေသဖြင့် နီးမယောင်နှင့် ဝေးသလို ဖြစ်နေသည်။

"ကိုမျိုး"

နန်းကိန္နရီက ထပ်ခေါ်ကာ လက်ဝှေ့ယမ်းပြသည်။

အချို့သော ရှတ်နောက်လိုသူတို့သည် သည်အမည်ကို လိုက်ခေါ်ကြသည်။ ကိုမျိုးဟု ခပ်အုပ်အုပ်ခေါ်ကာ ရယ်မောလိုက်ကြသည်။

မျိုးထွန်းသိန်းသည် နန်းကိန္နရီ ထွက်အလာကို ရုံပေါက်ဝမှစောင့်သည်။ လူအတော်ချည်းရှင်းလေမှ အမျိုးသမီး ထွက်လာနိုင်သည်။ ထိုအခါ နန်းကိန္နရီသည် အထီးတည်းမဟုတ်ကြောင်း တွေ့ရသည်။ သူ၏နံဘေးမှာ အဖော်တစ်ယောက်ပါသေးကြောင်း မြင်ရသည်။

နန်းကိန္နရီ၏အဖော်မှာ အသက်သုံးဆယ်ကျော်၊ လေးဆယ်နီးပါးရှိပြီဟု ခန့်မှန်းရသည်။ တောက်ပသစ်လွင်သော အဝတ်အစား ဝတ်ထားစေကာမူ၊ ခေတ်မီသော ဆံပင်ပုံစံနှင့် အခြယ်အသများရှိစေကာမူ ယင်းအမျိုးသမီးကြီး၏ မျက်နှာမှာ ထူးထူးခြားခြား ဣန္ဒြေရလှကြောင်း မျိုးထွန်းသိန်း သတိထားမိသည်။

မျက်နှာချင်းဆိုင်မိသည်ဆိုလျှင်ပင် နန်းကိန္နရီက မျိုးထွန်းသိန်းနှင့်သူ့အပါးမှ အမျိုးသမီးကြီးကို မိတ်ဆက်ပေးသည်။

"ကိုမျိုး၊ ဒါ အရီ့မေမေ။ ဒေါ်ရေနံ့သာခင်ခင်ကြီး"

မျိုးထွန်းသိန်း အသိအမှတ်ပြုသော အပြုံးကိုပြုံးပြကာ "တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ" ပြောရသည်။ ကြားရလေ့မရှိသော အမည်တစ်ခုကို ကြားလိုက်ရသလိုရှိကာ စိတ်မှာ ဆန်းကြယ်သလို ဖြစ်သွားမိသည်။

"မေမေ၊ ဒါ ကိုမျိုး။ နာမည်အပြည့်အစုံက ကိုမျိုးထွန်းသိန်း၊ သူက ဆရာ၊ ဓာတုဗေဒပြတာ"

အမျိုးသမီးကြီးသည် လျော့ရဲသော အပြုံးကိုပြုံးကာ အသိအမှတ်ပြုသလို ခေါင်းညိတ်ပြလိုက်သည်။

သူ့အပေါ် အမျိုးသမီးကြီး ထားရှိအပ်သော စိတ်ဝင်စားမှုမှာ သည်မျှသာဖြစ်သည်ဟု မျိုးထွန်းသိန်းထင်သည်။ သူ့မျက်နှာကို စူးစိုက်အကဲခတ်ခြင်းလည်း မရှိ။ ကြာရှည်လည်းကြည့်မနေ။ ချက်ချင်းဆိုသလိုပင် အကြည့်ကို အခြားသို့ လွှဲပြောင်းလိုက်ကြောင်း တွေ့ရသည်။ ထိုအတွက် မျိုးထွန်းသိန်း၏ စိတ်ထဲမှာ မကျေနပ်ချင်လှပေ။

"အရီတို့ ဒီကားကြည့်တယ်ပေါ့"

မျိုးထွန်းသိန်း မေးသည်။ နန်းကိန္နရီ ခေါင်းညိတ်ပြသည်။

"ကိုမျိုးမှာ ကားပါသလားဟင်"

ယင်းအမေးအတွက် မျိုးထွန်းသိန်း ရယ်ရသေးသည်။

"မပါပါဘူး။ ကားစီးနိုင်တဲ့ အတန်းအစားထဲမှာ မျိုးထွန်းသိန်းဆိုတဲ့နာမည် မပါဘူးဆိုတာ သိသားနဲ့များ"

နန်းကိန္နရီသည် မေးမိသည့်စကားအတွက် အားတုံ့အားနာ ဖြစ်သွားရသည်။

"ဒါဖြင့် ကိုမျိုးကို အရီတို့ လိုက်ပို့ပေးမယ်လေ"

"ကိစ္စမရှိပါဘူး။ ကျေးဇူးတင်ပါတယ်"

"တကယ်ပြောတာပါ။ ကိုမျိုး ဘယ်မှာနေတာလဲ"

"မဝေးပါဘူး"

"အားနာလို့လားဟင်"

"ဒါကြောင့် မဟုတ်ပါဘူးအရီ"

မျိုးထွန်းသိန်းနှင့် နန်းကိန္နရီတို့ အချီအချစကားပြောနေသည်ကို ဒေါ်ရေနံ့သာ ခင်ခင်ကြီး ကြည့်ဖော်ရလာသည်။ သည်တစ်ခါ ကြည့်လာသောအကြည့်မှာ စိတ်ဝင်စားမှု အနည်းအကျဉ်းဆိုသလိုပါသည်။

စင်စစ်တွင် နန်းကိန္နရီအနေနှင့်အလေးတယူ နှုတ်ဆက်ခဲ့သော၊ လိုသည်ထက်ပို၍ ရင်းရင်းနှီးနှီးရှိနေသော သူတစ်ယောက်အပေါ် စိတ်ဝင်စားထိုက်သည်ဟု သဘောထားလေသလား မသိ။

သို့မဟုတ်လျှင်လည်း နန်းကိန္နရီ၏အသိအကျွမ်းစာရင်းထဲမှာ ယောကျ်ားကလေးမိတ်ဆွေမပါဝင်ခဲ့။ သူ့မှာ ယောကျ်ားကလေးမိတ်ဆွေ ရှိနေသည်ကို တွေ့ရသောအခါ ထိုသူမှာ မည်သည့်အမျိုးအစားဟု အကဲခတ်ချင်ဟန်လည်းတူသည်။

နန်းကိန္နရီသည် အမျိုးသမီးကြီးဘက်သို့ လှည့်ကြည့်သည်။

"အရီတို့ တစ်ခုခု စားကြဦးမယ် မဟုတ်လားဟင်"

"စားကြမယ်လေ။ အအေးတစ်ခုခု သောက်ကြရအောင်"

နန်းကိန္နရီသည် မျိုးထွန်းသိန်းဘက်သို့ လှည့်လိုက်ပြန်သည်။

"ကဲ ကိုမျိုးပါ အရီတို့နောက် လိုက်ခဲ့" ဆိုသည်။

မျိုးထွန်းသိန်းက ငြင်းမည်ပြုသေးသည်။

"ကဲပါကွယ်၊ ဒါတော့ လက်ခံလိုက်ပါ"

အမျိုးသမီးကြီးက ဝင်ရောက်တိုက်တွန်းသည်။ သည်တော့လည်း မျိုးထွန်းသိန်း ငြင်းပယ်နိုင်စွမ်းမရှိ။ ငြင်းပယ်မိလေလျှင်လည်း ရိုင်းရာကျပေတော့မည်။

သို့ဖြင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ကြသည်။ စားရင်းသောက်ရင်းဖြင့် စကားဖောင်ဖွဲ့ဖြစ်ခဲ့ကြသည်။ ကျောင်းဆရာဖြစ်သော မျိုးထွန်းသိန်းသည်စကားပြောရာ၌အထာကိုသိသည်။ လူစိတ်ဝင်စားအောင် စကားပြောတတ်ဆိုတတ်သည်။ ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး စကားကလေးများကို ရွေးချယ်ပြောတတ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မျိုးထွန်းသိန်းအပေါ် ဖော်ဖော်ရွေရွေ ရှိလာသည်။ မျိုးထွန်းသိန်း၏ ရယ်မောဖွယ်ရာစကားများကို ရယ်ဖော်ရလာသည်။

အဘယ်ကြောင့် ဟူ၍တော့မသိ။ မျိုးထွန်းသိန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး မိမိအပေါ် အာရုံစိုက်လာအောင်၊ ရင်းရင်းနှီးနှီးဖြစ်လာအောင် ကြိုးစားနေမိကြောင်း တွေ့ရသည်။ ထိုအမျိုးသမီးကြီးကို ခင်မင်ရင်းနှီးစိတ် အလိုလိုဝင်နေမိလေသည်။

သူသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်ဝန်းများကို ဂရုတစိုက်ကြည့်မိလေ့ရှိသည်။ သူ၏မျက်ဝန်းများမှာ အရိပ်တစ်ရပ် ထင်နေသည်ဟုထင်သည်။ ယင်းအရိပ်သည် ကြေကွဲဖွယ် ပုံပြင်တစ်ခုကို ပြောနေသည့်နှယ် ဖြစ်သည်ဟုလည်း ယူဆမိသည်။ လူ့ဘဝ၏ အဓိပ္ပာယ်တစ်ရပ်ရပ်ကို ဖော်ကျူးနေဟန်လည်း ရှိသေးသည်။ သူ၏ အပြုံးအရယ်တို့မှာ ရံခါတွင် မျက်နှာပြင်ရှိ အကြောအစိုင်တို့၏ လှုပ်ရှားမှုမျှသာဖြစ်သည်။ ရင်အတွင်းမှ လှိုက်လှဲမှုမပါ။ မျက်လုံးများကပါလိုက်ပြီး ပြုံးရယ်တတ်ခြင်းမရှိ။ အပြုံးအရယ်တို့သည် ရံခါတွင် ခြောက်ခြောက်သွေ့သွေ့နိုင်လှလေသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**❛ ရုပ်ရှင်ပြီးသည်နှင့်တစ်ပြိုင်နက် လူတို့သည် ရုံအတွင်းမှ လမ်းမပေါ်သို့ ဝေါခနဲလျှံကျလာသည်။ ပလက်ဖောင်းပေါ်တွင် အတိုးတိုး အဝှေ့ဝှေ့ ဖြစ်နေကြသည်။ မျိုးထွန်းသိန်းသည် ရုံပေါက်ဝ၌ စုပြုံတိုးဝှေ့နေသောလူအကြား၌ ပါလာသည်။ လေအေးစက်ကြောင့် ရုံအတွင်းမှာ သက်သောင့်သက်သာရှိခဲ့သည်။ အပြင်သို့ ထွက်ခဲ့ရပြီဆိုသောအခါ ပြင်ပလေပူပူသည် မခံမရပ်နိုင်စရာကောင်းလောက်အောင် ဆီးကြိုနှုတ်ဆက်သည်။ လူနံ့၊ ချွေးနံ့များဖြင့် ငြီးစီလာသည်။ သူသည် အပြင်သို့ လုံးလုံးလျားလျားရောက်ရှိရန် စိတ်စောနေသည်။ ယင်းအခိုက်မှာပင် နောက်ကျောဆီမှ . . . ❜**

ATOM

Advancing Telecommunications Of Myanmar

telenor



ပိုမိုကောင်းမွန်သော
နေ့သစ်များဆီ
အတူလျှောက်လှမ်းဖို့ အဆင်သင့်ဖြစ်နေပါပြီ

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံး**
**၂၀၂၂-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂**

၁။ ဦးတင့်လွင်လေး နှင့် ဒေါ်ပြုံးပြုံးကြည်
၂။ ဒေါ်စိန်အေး(ခ) ဒေါ်စန်းစန်းမေ
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ အရှေ့ကုန်းလမ်း၊ အမှတ်-၁၆၊ မြေညီထပ် (ခြေရင်းခန်း)နေ **ဒေါ်ပြုံးပြုံးကြည်** (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုတို့က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အနေဖြင့်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၄) ရက် (၁၃၈၄ ခုနှစ်၊ နယုန်လဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖေယျာဦး)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ် တရားရုံး**

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်-4L/7948 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃလမ်း၊ မြေကွက်အမှတ်- ၇၅၇ (ခ) ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ (၆) ထပ်တိုက်၏ (ညာဘက်ခြမ်း)၊ ဒုတိယထပ် (၃-လွှာ)၊ (၁၂½ ပေ × ၅၄ ပေ) အကျယ်ရှိ တိုက်ခန်းနှင့်တကွ သွယ်တန်းတပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ထက်ထက်စံ [၁၂/သကတ (နိုင်) ၁၉၂၈၄၇] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုးမင်းထိုက် (စဉ်- ၄၀၃၂၇) — အထက်တန်းရှေ့နေ — Ph: 09-420177685

ဦးကျော်ဇေယျ (စဉ်- ၃၁၂၁) — တရားလွှတ်တော်ရှေ့နေ — Ph:09-5007849

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂**

ဦးအောင်နိုင် နှင့် ဦးသန်းအောင်ဇော်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်နေနွယ်လွင်)
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာလမ်း၊ အမှတ်-၅၅(က)နေဦးသန်းအောင်ဇော် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဇွန်လ (၂၂)ရက်၊ ၁၃၈၄ ခုနှစ်၊ နယုန်လဆုတ်(၉)ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ(၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉/က)ရပ်ကွက်၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၁၂၄/က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိသော ဦးမြင့်အောင် မူရင်းအမည်ပေါက် ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမောင်[၁၂/ဒဂတ(နိုင်)၁၅၀၃၈၂]ကိုင်ဆောင်သူက ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအနည်းငယ်ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ/နစ်နာစရာရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဒေါ်ဟေမာဝတီ[၁၂/မဂတ(နိုင်)၀၀၀၇၂၃]၏လွှဲအပ်ချက်အရ-**
**ဦးပြည့်ခိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၇၉၇)**
**အမှတ်(၁၁၈၂)၊ တိုက်ခန်းအမှတ်(2-A)၊ A.G.Dဘဏ်အပေါ် (ပထမထပ်)၊**
**ဇင်္ဂမလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၉၉၃၈၇**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မအူကုန်းအိမ်ရာ စခန်းဝင်း၊ လိုင်း-၉၊ အခန်း-၁ နေ ဦးအောင်နိုင် [၁၂/ဥကမ(နိုင်)၀၃၁၁၁၄] နှင့် ဒေါ်ခင်ခင်စိုး [၁၂/သကတ(နိုင်)၀၄၇၃၁၅]တို့၏ သမီးဖြစ်သူ မဇင်မေဝင်း [၁၂/သကတ(နိုင်)၁၈၈၀၂၀]သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဖခင်ဦးအောင်နိုင်- မိခင် ဒေါ်ခင်ခင်စိုး**

## ဦးကျော်မင်းဦး(မန်နေဂျင်းဒါရိုက်တာ)
## K.S.M Engineering Construction နှင့်
## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ **Yangon Concrete Co.,Ltd** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ **Yangon Concrete Co.,Ltd** သည် လူကြီးမင်း၏ **Site** အတွက် လိုအပ်သော **Ready Mix Concrete** ပေးသွင်းခြင်းလုပ်ငန်းကို **(၂၈-၈-၂၀၂၀)မှ (၁၈-၁-၂၀၂၁)** အထိ ပြီးစီးအောင်လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ပေးသွင်းရာတွင် လူကြီးမင်းထံမှ **Ready Mix Concrete** ဖိုးရရန်ငွေမှာ**(၁၄၇၄၉၀၀၀၀ိ/-) (ကျပ်တစ်ထောင့်လေးရာခုနစ်ဆယ့်လေးသိန်းကိုးသောင်းတိတိ)**ဖြစ်ပါသည်။ လူကြီးမင်းက **(၁၈-၇-၂၀၂၁)**အထိ **ငွေ(၁၀၅၀၀၀၀၀၀ိ/-)(ကျပ်သိန်းတစ်ထောင့်ငါးဆယ်တိတိ)**ပေးသွင်းခဲ့ပါသည်။ ထို့ကြောင့် ကျန်ငွေမှာ **(၄၂၄၉၀၀၀၀ိ/-)(ကျပ်လေးရာနှစ်ဆယ့်လေးသိန်းကိုးသောင်းတိတိ)** ဖြစ်ပါသည်။

ယင်းကွန်ကရစ်ဖိုးကျန်ငွေများကို လူကြီးမင်းထံ အကြိမ်ကြိမ်ညှိနှိုင်းတောင်းခံခဲ့သော်လည်း လူကြီးမင်းက အကြောင်းအမျိုးမျိုးပြ၍ အတွေ့မခံဘဲနေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီထံသို့ ပေးရန် ကွန်ကရစ်ဖိုးကျန်ရှိသော **(၄၂၄၉၀၀၀၀ိ/-)(ကျပ်လေးရာနှစ်ဆယ့်လေးသိန်းကိုးသောင်းတိတိ)**ကို ယခုကြေညာသည့်ရက်မှ (၇)ရက်အတွင်း တစ်လုံးတစ်ခဲတည်း အပြေအကျေပေးသွင်းပါရန် အသိပေး ကြေညာအပ်ပါသည်။

အကယ်၍လူကြီးမင်းက ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငြင်းဆန်လျှင်သော်လည်းကောင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**Yangon Concrete Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအုန်းမြင့်**
**B.Sc(Q)C.T.Med,H.G.P.,R.L**
**D.B.L, D.M.L, D.A Psy., D.A.E**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၈)**
**ဖုန်း-၀၉-၄၃၁၁၉၀၁၃**

**ဒေါ်ကေခိုင်မွန်**
**LL.B, D.B.L, D.M.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၉၀)**

**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုကျပ်အတွင်း ကျရောက်

**ရန်ကုန် ဇွန် ၉**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇွန် ၉ ရက်က ပြုလုပ်ရာ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇူလိုင် ၂ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် အိမ်ရှင်အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် မလေးရှား၊ လာအို၊ တီမော၊ ကမ္ဘောဒီးယားနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲအပါအဝင် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် သင်္ကြန်ကာလအပြီးကတည်းက လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် စခန်းဝင်လေ့ကျင့်နေသည့်ကာလအတွင်း ပြည်တွင်း

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○

## PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(တည်သီးတော)၌ စာသင်ကြားလျက်ရှိသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drone ယာဉ်များ အသုံးပြုကာ လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်

ရွှေဘိုမြို့နယ် အမကမူလွန်(တည်သီးတော)အား အကြမ်းဖက်သမားများက Drop ဗုံးဖြင့် တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



Drop ဗုံးနှစ်လုံး ကျရောက်ခဲ့သည့် ကျောင်းအဆောက်အအုံမှတ်တမ်းဓာတ်ပုံ။



Drop ဗုံးနှစ်လုံး ကျရောက်သဖြင့် ကျောင်းအဆောက်အအုံ ခေါင်မိုး နှစ်ပေပတ်လည် ပေါက်ပြဲမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (တည်သီးတော) အား PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် Drone ယာဉ်များ အသုံးပြုကာ ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(တည်သီးတော)၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စာသင်ကြားပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် Drone ယာဉ်များ အသုံးပြု၍ လက်လုပ်ဗုံးသီးများဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခဲ့ပြီး အဆိုပါ Drone များသည် ကျောင်း၏ အနောက်တောင်ဘက်သို့ မောင်းနှင်သွားသဖြင့် အဆိုပါကျောင်းအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် လိုက်လံပစ်ချခဲ့ရာ DJI-1313 အမျိုးအစား Drone တစ်စင်းကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများ၏ Drone ဖြင့် ဗုံးခွဲမှုကြောင့် ကျောင်းဝင်းအတွင်းရှိ စာသင်ကျောင်းဆောင်များပေါ်သို့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✻


ယနေ့ ဖတ်စရာ

**ရွှေးကောက်ပွဲ စက်ဝန်းပါလုပ်ငန်း ဆောင်တာများ**
ဆောင်းပါး စာမျက်နှာ » ၆

**တရုတ်နိုင်ငံက လကမ္ဘာ၏ ဘူမိမျက်နှာပြင်ဆိုင်ရာ မြေပုံအား ရေးဆွဲထုတ်လုပ်နိုင်ခဲ့**
စာမျက်နှာ » ၁၃

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)(မော်လမြိုင်ရုံးခွဲ)မှ ဝန်ထမ်းတစ်ဦးအား PDF အမည်ခံ အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်**
စာမျက်နှာ » ၁၅

**ယခုနှစ်အတွင်း မေဝယ်သာနှင့် မကျေပွဲပြန်လည်ထိုးသတ်ဖို့ ပက်ကွီယို ဆန္ဒရှိနေ**
စာမျက်နှာ » ၁၉